၅၃၈

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၃၈ – ငါက သိပ်ပြီး

သွေးအေးနေသလား

"ရဲယန်! ငါတို့အင်အားနဲ့ ဒီနွံတောကို တကယ်ဖြတ်ကျော်နိုင်ပါ့မလား?" သုံးယောက်သား ရွှံ့နွံတောဘေးမှ မြေပြင် လမ်းမတစ်ခုပေါ်တွင် ထိုင်နေကြသည်။

မိုချင်းရှယ်က ပတ်ဝန်းကျင်ရှိ
အကန့်အသတ်မဲ့ကျယ်ဝန်းသည့် နွံတောကို
စိုက်ကြည့်နေရင်း မေးလိုက်လေသည်။
သူတို့သုံးဦးက ယခုအချိန်ထိ
အဆင်ပြေနေသေးသည့်အကြောင်းအရင်းမှာ
အရွယ်ရောက်ပြီး
သတ်ဖြတ်ခြင်းသံမဏိမိကျောင်းများနှင့်မတွေ့
ရသေးသည့်အတွက်ကြောင့်ပါ။

"ဟုတ်ပါတယ် ငါတို့လုပ်နိုင်တယ်!"
လုကျန်းယောင် က ရယ်မောပြီး "ချင်းရှယ်!
စိတ်မပူပါနဲ့၊ ဒီလူက အရမ်းသန်မာတယ်။

မိကျောင်းတွေက ငါတို့ဖက်မှာ သူရှိနေရင် ဘာပြဿနာမှမရှိဘူး!" သေခြင်း၊ရှင်ခြင်း အခြေအနေကို အတူတကွရင်ဆိုင်ကျော်ဖြတ်ပြီးနောက် လုကျန်းယောင် က မိုချင်းရှယ် ကို မိတ်ဆွေအဖြစ် သတ်မှတ်လိုက်၏။

ထို စကားကို ကြားသောအခါ ဘေးနားတွင် တိတ်တဆိတ်ကျင့်ကြံနေသည့် ယန်ယဲ့ပင် ပါးစပ်ထောင့်များ တုန်ယင်သွားရသည်။

"ဟုတ်လား?" မိုချင်းရှယ် က ယန်ယဲ့ ဖက်ကိုကြည့်လိုက်ပြီး ပေါ့ပါးသော အသံဖြင့် မေးလိုက်သည်။

"ဒါပေါ့!" လုကျန်းယောင် က ပြုံးကာ "ငါ့ကိုယုံပါ၊ အဲဒီမိန်းမပျို အန်နန်ကျင်းက လွဲလို့ လူသားကမ္ဘာရဲ့လူငယ်မျိုးဆက်မှာ သူ့ကိုယှဉ်နိုင်မဲ့သူ မရှိဘူး။"

"ဒါဆို ယန်ယဲ့ ကရော ဘယ်လိုလဲ?"

"ယန်ယဲ့? အဲဒါက ယန်ယဲ့ မဟုတ်လား?”

အဟွတ်....အဟွတ်...!!!!

ယန်ယဲ့က ရုတ်တရက်
ချောင်းဆိုးဟန်ဆောင်ပြီး လုကျန်းယောင် ကို
သတိပေးလိုက်သည်။

ယန်ယဲ့ ၏သတိပေးချက် ကိုကြားသောအခါ
လုကျန်းယောင် က ရှက်ရွံ့စွာ ပြုံးလိုက်သည်။
သူမက အလွန်ရိုးစင်းပြီး ယန်ယဲ့က ရဲယန်
ဖြစ်သည်ဟု ပြောလုနီးပါးပင်။

ကံကောင်းထောက်မစွာ ယန်ယဲ့က
သတိပေးလာသဖြင့် အချိန်မီရပ်လိုက်နိုင်၏။

လုကျန်းယောင် က "မှန်ပါတယ်၊ ယန်ယဲ့ နဲ့
အန်နန်ကျင်း ကလွဲရင် ပေါ့။"

“အိုး။” မိုချင်းရှယ် က ယန်ယဲ့ကို
တစ်ချက်စိုက်ကြည့်ရင်း
နှုတ်ဆိတ်သွားပါသည်။

ထိုအချိန်တွင် ယန်ယဲ့ က လုကျန်းယောင် ကို
စူးစူးရဲရဲကြည့်နေလေသည်။

" မင်းက နောက်ဆက်တွဲဆိုးကျိုးတွေကို လျစ်လျူရှုထားနိုင်မလား? ဒီလို ညာဏ်ရည်ညာဏ်သွေးအဆင့်နဲ့ တောင်ပိုင်းနယ်မြေကနေ ဒီကို ဘယ်လိုရောက်လာတာလဲ?"

အုန်း!

ရှုတ်တရက်ပင် ကျယ်လောင်သောပေါက်ကွဲသံကြီး အဝေးကနေ ပဲ့တင်ထပ်လာသည်ကို လူတိုင်းကြားလိုက်ရသည်။

လုကျန်းယောင် နှင့် မိုချင်းရှယ် ၏အမူအရာများ
က ချက်ချင်းပင် ပြောင်းလဲသွားသည်။

ယန်ယဲ့ က မိန်းမပျိုနှစ်ဦးကို ကြည့်ကာ
“စိတ်မပူပါနဲ့၊ ကီလိုမီတာအနည်းငယ်အကွာမှာ
တစ်စုံတစ်ယောက်က
သတ်ဖြတ်ခြင်းသံမဏိမိကျောင်း တွေနဲ့
တိုက်ခိုက်နေတယ်။

ငါတို့နဲ့ ဘာမှမဆိုင်ဘူး၊ ဒါကြောင့်
အေးအေးဆေးဆေး အနားယူပါ!”

"တစ်စုံတစ်ယောက်က မိကျောင်းတွေကို တိုက်ခိုက်နေတာလား?" လုကျန်းယောင် က ထိုစကားကိုကြားသောအခါ ချက်ခြင်းစိတ်ဝင်စားသွားပြီး သူမအားကို ဆွဲထုတ်ကာ "ဒါဆို မြန်မြန်ကျော်ရအောင်!"

သူမက တိုက်ပွဲကို ရှုးသွပ်သည့်အပြင် ဗဟိုနယ်မြေကို ရောက်လာပြီးနောက်တွင် တိုက်ပွဲများရင်ဆိုင်ရင်း သူမ၏ခွန်အားကို ကောင်းကောင်း မြှင့်တင်နိုင်ခဲ့သည်။

"ငါတို့ဘာလို့အဲဒီကိုသွားရတာလဲ" ယန်ယဲ့က လုကျန်းယောင် ကို ရုတ်တရက် စိုက်ကြည့်ကာ မေးလေသည်။

"ဟုတ်ပါတယ် သူတို့ကိုကူညီဖို့!" လုကျန်းယောင် က အဓိကအချက်ကို ထောက်ပြလိုက်သည် ။ "ငါတို့အားလုံးက လူသားတွေမို့ အခက်အခဲတွေကြုံရတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် လက်ငှားသင့်တယ်။"

မိုချင်းရှယ် က ခေါင်းညိတ်လိုက်သော်လည်း ယန်ယဲ့က မျက်မှောင်ကြုတ်ကာ တိတ်ဆိတ်နေ၏။

"ဘာမှားလို့လဲ? ငါတစ်ခုခုမှားပြောမိတာလား?" လုကျန်းယောင် က ယန်ယဲ့ တိတ်ဆိတ်နေသောကြောင့် မေးလိုက်သည်။

ယန်ယဲ့ က “ပထမအချက် သူတို့က ငါတို့အကူအညီ မလိုဘူး။ ငါတို့က ကူညီချင်ရင်တောင်မှ ဒီလိုလုပ်ဖို့ ခွန်အားရှိလားဆိုတာ ကြည့်ရမယ်။

လုံလောက်တဲ့ ခွန်အားမရှိတဲ့အခါ အကူအညီသွားပေးရင် အဲဒီအစားမင်းရဲ့အသက်ကို စွန့်လွှတ်လိုက်ပါ။ ဒါ့အပြင် မင်းက အပြင်ကမ္ဘာကိုရောက်တဲ့အခါ ကိုယ့်ရဲ့ကြင်နာမှုကို ထိန်းချုပ်ထားတာ အကောင်းဆုံးပဲ။

ဘာလို့လဲဆိုတော့ အဲဒါက မင်းကို အန္တရာယ်ဖြစ်စေနိုင်တယ်။ ကြင်နာမှုကို ရန်ငြိုးနဲ့ပြန်ဆပ်တာက ဒီကမ္ဘာမှာ ဖြစ်နေကြအရာတွေပဲ။ နားလည်လား?"

လုကျန်းယောင် ကနေရာတွင် ပြန်ထိုင်ချပြီးနောက် အနည်းငယ် စိတ်ဓာတ်ကျနေပုံရပြီး ယန်ယဲ့ ကို စိုက်ကြည့်လိုက်သည်။

"ငါက သွေးအေးလွန်းတယ်လို့ မင်းခံစားနေရတာလား?" ယန်ယဲ့ က မတတ်သာစွာ ခေါင်းခါယမ်းလိုက်ပါသည်။

"နင်က ဒီလိုပြောခဲ့တာပဲ! ငါမဟုတ်ပါဘူး!" လုကျန်းယောင် က ပြန်ပြောသည်။

ထိုအချိန်တွင် မိုချင်းရှယ် က စကားစသည်။

"ကျန်းယောင်!

နွံတောအတွင်းထဲထိရောက်လာပြီး

သတ်ဖြတ်ခြင်းသံမဏိမိကျောင်းတွေကို

တိုက်ခိုက်နိုင်တဲ့လူတစ်စုက

သာမန်ကျွမ်းကျင်သူတွေလို့များ နင်ထင်လား?

သူတို့က မစ်ရှင်တစ်ခုခု ဒါမှမဟုတ်

တခြားအရာတစ်ခုခုကို ပြီးဆုံးအောင်

လုပ်ဆောင်နေတာလည်းဖြစ်နိုင်တယ်လေ။

တကယ်လို့ ငါတို့က သူတို့ဆီသွားပြီး

ကူညီမယ်ဆိုရင် ငါတို့ကို ရန်သူတွေလို့တောင်

ထင်သွားလိမ့်မယ်။ ပြီးတော့ အစောပိုင်းက

ယွရန် လိုလူမျိုးတွေဖြစ်နေရင် ငါတို့က ဘာလုပ်နိုင်မလဲ? ဟုတ်တယ်၊ ဒါတွေအားလုံးက ငါ့ ယူဆချက်တွေပဲ၊ ဒါပေမဲ့ မဖြစ်နိုင်တာတော့ မဟုတ်ဘူး။”

“နင်တို့နှစ်ယောက်လုံး ငါ့ကိုယ်ကောင်းဖို့အတွက် ပြောနေတာ ငါသိတယ်။ ဒါပေမယ့် ငါက သိချင်ပြီး သွားကြည့်ချင်တယ်” လုကျန်းယောင်က ခေါင်းမာစွာပြောလိုက်ပြန်သည်။

"စူးစမ်းလိုစိတ်က အကြောက်တရားကိုသတ်လိုက်တာပဲ။ မင်းက လွတ်လပ်ချင်ရင် ဘာကြောင့် အပြင်းအထန်ကျင့်ကြံနေရတာလဲ?" ယန်ယဲ့က မေးခွန်းထုတ်လိုက်သည်။

"ကောင်းပြီ ငါ အခုချက်ချင်း ကျင့်ကြံတော့မယ် ! ဟမ့်!" လုကျန်းယောင်က ယန်ယဲ့ကို စိတ်ထဲကနေ မကျေမနပ်ကျိန်ဆဲလိုက်ရင်း "ငါ နင့်ထက် ပိုသန်မာတဲ့ တစ်နေ့ကျ နင့်ကို သင်ခန်းစာတစ်ခု နေ့တိုင်း သင်ပေးရမယ်။"

ညဉ့်အချိန်က တဖြည်းဖြည်းနှင့်
နက်ရှိုင်းလာ၏။

ဤသို့ဖြင့် လူတိုင်း စကားပြောသံများ
ရပ်သွားပြီးနောက် ပတ်ဝန်းကျင်က
ချက်ချင်းပင် တိတ်ဆိတ်သွားသည်။

ယန်ယဲ့က သူ့မျက်လုံးများကိုဖွင့်လိုက်ပြီး
လုကျန်းယောင် နှင့် မိုချင်းရွှယ် ကို
ကြည့်လိုက်သည်။

လုကျန်းယောင်က မိုချင်းရှယ် ၏လက်များကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ထားပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေသည်။

ထိုအချိန်တွင် မိုချင်းရှယ် က ဖျတ်ခနဲလင်းလက်သွားကာ ယန်ယဲ့ ၏နောက်ကွယ်တွင် ပေါ်လာပြီး တိုးတိုးလေးပြောလိုက်သည်။ "ဒါဆို နင်လည်း သူတို့ကို သတိထားမိတာလား?"

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး "ဒီလိုနေရာမျိုးမှာ ငါဘယ်လိုအိပ်ရမှာလဲ? မင်း ငါ့ကို

လုကျွန်းယောင် လို လူမိုက်များ ထင်နေသလား?"

မိုချင်းရှယ်က ခစ်နဲ့ ရယ်မောလိုက်ပြီး "သတ်ဖြတ်ခြင်းသံမဏိမိကျောင်းတွေကို အခုနတုန်းကတစ်ယောက်ယောက် တိုက်ခိုက်နေတယ်လို့ နင်ပြောတာ။ အဲဒါက လူတစ်ယောက်တည်းလား?"

“သုံးယောက်၊ ယောက်ျား နှစ်ယောက်၊ မိန်းမ။ သူတို့အားလုံးက ချီးမြှောက်ခြင်းနယ်ပယ် ပညာရှင်တွေချည်းပဲ!” ယန်ယဲ့က မျက်နှာတွင်

မည်သည့်အပြောင်းအလဲမှ မရှိဘဲ ပြောလိုက်သည်။

"ကောင်းလား ဆိုးလား"

ယန်ယဲ့ က သူမကို မျက်လုံးပြူးကြည့်ကာ "ဟော့! ငါ့ကိုကြည့်စမ်း! နတ်ဘုရားနဲ့တူနေလို့လား?"

မိုချင်းရှယ်က အနည်းငယ် ရှက်ရွံ့သွားပြီး ခေါင်းယမ်းကာ ပြုံးလိုက်သည်။ “ဒီနေရာမှာ ငါ့အတွက်လုံခြုံမှုမရှိဘူး။ တကယ်တော့

လူသားတွေက အမှောင်မှော်သားရဲတွေ နဲ့
နတ်ဆိုးသားရဲ တွေထက်
ပိုကြောက်စရာကောင်းတယ်။ ကံကောင်းစွာပဲ၊
နင့်လိုလူတစ်ယောက်က ငါတို့နဲ့
အတူရှိနေတယ်!"

"မင်းငါ့ကို မင်းရဲ့ကိုယ်ရံတော်အဖြစ်
ခေါ်သွားချင်တာလား?"

မိုချင်းရှယ် က ခစ်ခနဲ ရယ်မောလိုက်သည်။
“ဒီစကားကတစ်မျိုးပါလား။ တကယ်တော့

နင်က ငါထင်တာထက် အများကြီး ပိုစိတ်ဝင်စားဖို့ကောင်းတယ်။”

"မင်းစိတ်ကူးထားတာထက်လား?" ယန်ယွဲ့ ၏မျက်ခုံးများ တွဲကျနေသည်။

မိုချင်းရွှယ် က ပြုံးပြီးပြောလိုက်လေသည်။ "ဘာမှမဟုတ်ပါဘူး။ နောက်ကျနေပြီ၊ နင်လည်း အနားယူပါ" ထိုစကားပြောပြီးသည်နှင့် လှည့်၍ အစောပိုင်းကထိုင်နေရာသို့ ပြန်လာခဲ့သည်။

ယန်ယဲ့က မိုချင်းရှယ် ၏နောက်ကျောကို စိုက်ကြည့်ရင်း တဖန် အဝေးဆီသို့ စူးစူးစိုက်စိုက်ကြည့်ကာ "ဒီမိန်းမက ဘာလို့ နည်းနည်း ရင်းနှီးနေပုံရတယ်လို့ ခံစားမိတာလဲ...?"

ညအချိန်က ထိုကဲ့သို့သာ ကုန်ဆုံးသွား၏။

အုန်း!

တဟုန်ထိုးပေါက်ကွဲသံများကြောင့် ယန်ယဲ့ နှင့် မိန်းမပျိုနှစ်ဦးလုံးနိုးလာပြီး

အရုဏ်တက်ချိန်ရောက်လာသည်ကို
သတိပြုမိလိုက်ကြသည်။

၅၃၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၃၉ – နံ့တောထဲမှ အန္တရာယ်

"အရှေ့မှာ တစ်ခုခုဖြစ်နေတာလား?"
မိုချင်းရှယ်က

အသံတိုးတိုးဖြင့် မေးသည်။

ယန်ယဲ့ က ခေါင်းခါပြီး “ဘာမှမဟုတ်ပါဘူး။
သွားကြရအောင်!"

မိုချင်းရှယ်က ယန်ယဲ့ ကို စိုက်ကြည့်ပြီးနောက်
ခေါင်းညိတ်ကာ "ကောင်းပြီ!"

လုကျန်းယောင် က ရှေ့တွင်
ဖြစ်ပျက်နေသည်ကို အတော်လေး
စိတ်ဝင်စားနေပုံရ၏။

သို့သော် ယန်ယဲ့က သူမကို ဂရုမစိုက်ဘဲ ရှေ့ကနေသော ဦးဆောင်သွားလိုက်သည်။

သုံးဦးသား နှစ်နာရီနီးပါးခန့် ခရီးဆက်နေရင်းဖြင့် ရုတ်တရက် မိုချင်းရှယ် နှင့် လုကျန်းယောင် တို့၏ အမူအရာများ ပြင်းထန်စွာ ပြောင်းလဲသွားလေသည်။

အဘယ်ကြောင့်ဆိုသော် သူမတို့ ရှေ့ဆက်သွားနေသည့်လမ်းတစ်လျှောက်လုံးတွင် မိကျောင်းအလောင်းအမြောက်အမြားကို

မြင်တွေ့ခဲ့ရပြီး ရှုံ့နှံ့တောတစ်ခုလုံးပင်
သွေးရောင်အတိလွှမ်းနေသောကြောင့်ပါ။

ထို့အပြင်
မိကျောင်းအသေကောင်များကြားတွင်
အရွယ်ရောက်ပြီး
သတ်ဖြတ်ခြင်းသံမဏိမိကျောင်းအများအပြား
ပင် ရှိနေ၏။

"သူတို့က
ဒီသတ်ဖြတ်ခြင်းသံမဏိမိကျောင်းတွေအားလုံး
ကို သတ်ပစ်ခဲ့ပေမဲ့ ဒီမိကျောင်းတွေရဲ့

တန်ဖိုးအရှိဆုံး အစိတ်အပိုင်းဖြစ်တဲ့
အရေပြားကို မယူခဲ့ဘူး။ ပြီးတော့ အတွင်းက
သားရဲအမြုတေတွေကိုလည်း ယူမသွားကြဘူး။
ကြည့်ရတာ....အဲဒီအဖွဲ့က
တခြားအရာတစ်ခုခုကို ရှာနေတာ
သေချာတယ်” မိုချင်းရှယ် က
သတိထားနေသည့် အသံနှင့်
ပြောလိုက်လေသည်။

“ဒီရေကန်ထဲမှာ
ရတနာတစ်ခုခုများရှိနေသလား?"

လုကျန်းယောင် ၏မျက်လုံးများက အရောင်တဖျပ်ဖျပ်လက်သွားသည်။

မိုချင်းရှယ် က ခေါင်းခါလိုက်၏။

"မသိဘူး၊ ဒါပေမယ့် သတိထားဖို့က အကောင်းဆုံးပါပဲ။ ငါကတို့သုံးယောက်က ဝိညာဉ်နယ်ပယ်အလွှာအဆင့် ပဲရှိတယ်။ ငါတို့က ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေနဲ့ တွေ့ရင် သေချာပေါက် ဒုက္ခရောက်မှာပဲ။ သူတို့ဆီက တခြားမကျေနပ်ချက်တွေရှိနေရင်တောင် ငါတို့အပေါ် ဒေါသရောက်လာနိုင်တယ်။

အစ်ကို ရဲ့! ငါတို့ဘာလို့ တခြားလမ်းကို ရွေးမသွားတာလဲ?"

ယန်ယဲ့ က ရှေ့ကို တစ်ချက် မျှော်ကြည့်ရင်း "တခြားလမ်းကြောင်း မရှိဘူး။ ဒီလမ်းက ဟိုဖက်နဲ့ဒီဖက် ဖြတ်သွားပေမဲ့ အားလုံးက အသေကောင်တွေ။ စိတ်မပူပါနဲ့၊ ငါတို့ ဖြတ်သွားရုံနဲ့ တခြားဘာကိုမှ မရှာဘူး။ ပြီးတော့ သူတို့က ငါတို့ကို ပြဿနာရှာမှာ မဟုတ်ဘူး မဟုတ်ရင် ငါတို့ကို အခုလေးတင် လာပြီး တိုက်ခိုက်လိမ့်မယ်!"

မိုချင်းရှယ် က အံ့အားသင့်သွားပြီးနောက် ချက်ချင်းပင် တုန့်လှုပ်သွား၏။ သူမက အနည်းငယ်ထိတ်လန့်နေသံဖြင့် "ဒါဆို သူတို့က ငါတို့ကို သတိထားမိနေတာလား?"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။
"မနေ့ညတည်းကပဲလေ။"

"ဒါဆို သူတို့က ငါတို့ကို မကောင်းတဲ့ ရည်ရွယ်ချက် မရှိဘူးပေါ့!" မိုချင်းရှယ်က စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းချလိုက်သည်။ “မဟုတ်ရင်တော့

မနေ့ညတည်းက ငါတို့ကို
လာပြီးတိုက်ခိုက်နေပြီးလောက်ပြီ” ဟု
တိုးတိုးလေးပြောလိုက်သည်။

ယန်ယဲ့ က “ဒါတွေအားလုံးကို
လျစ်လျူရှုထားလိုက်။ ငါတို့က တတ်နိုင်သမျှ
ရှေ့ကို မြန်မြန်ခရီးဆက်ရအောင်။"

ရုတ်တရက် သူတို့ သုံးယောက်လုံး
ရှေ့ဆက်သွားနေစဉ် ပတ်ပတ်လည်မှ
စိမ့်ရေများ ထွက်လာပြီး လှိုင်းများ

တလိမ့်လိမ့်တက်လာသည်ကို
သတိပြုမိလိုက်ကြသည်။

ထို့နောက်တွင်တော့ သူတို့
၏အမြင်အာရုံထဲတွင် မိကျောင်းအများအပြား
ထွက်ပေါ်လာခဲ့ပါသည်။

ရုတ်တရက်ကြီး မြင်ကွင်းအပြည့်
မိကျောင်းများစွာကို မြင်လိုက်ရသဖြင့် လူတိုင်း
၏အမူအရာများပြောင်းလဲသွားကြသည်။

သို့ရာတွင် သူတို့သုံးဦးက မိကျောင်းများ ၏ပစ်မှတ် မဟုတ်ဘဲ၊ မိကျောင်းများအားလုံး ရှေ့ကိုသာ ရူးသွပ်စွာ ပြေးသွားနေကြသည်။

နွံတောပြည့်လုနီးပါး သတ်ဖြတ်ခြင်းသံမဏိမိကျောင်းများ ထွက်ပေါ်လာသဖြင့် အလွန်အမင်းကြောက်မက်ဖွယ်အတိမြင်ကွင်း တစ်ခုဖြစ်နေပါသည်။

"ဒါ....ဒါက ရှေ့မှာ တစ်ခုခုဖြစ်တာလား?" မိုချင်းရှယ် က စိတ်မသက်မသာလေသံဖြင့် မေးလာလေသည်။

ယန်ယဲ့က အဝေးကို မျှော်ကြည့်ရင်း "ရွှေသတ်ဖြတ်ခြင်းမိကျောင်းဘုရင် ကို သူတို့ ရန်စလိုက်တာ။ မိကျောင်းဘုရင်က ဒီမိကျောင်းတွေအားလုံးကို ဆင့်ခေါ်လိုက်တာပဲ။

အခြေအနေတွေကို ငါကြည့်ပြီးပြီ။ နွံတောကြီးတစ်ခုလုံး လှုပ်ရှားမှုတွေ ဆူပွက်နေသလို မိကျောင်းတွေနဲ့

ပြည့်နေတယ်။ ဒါ့အပြင် ငါတို့ ရှေ့ဆက်သွားမယ့်လမ်းကိုလည်း ပိတ်ဆို့သွားပြီ။ ဒါကြောင့် ဖြတ်သွားလို့မရတော့ဘူး။”

"ရွှေသတ်ဖြတ်ခြင်းမိကျောင်း?" မိုချင်းရွှယ် က ထိတ်လန့်သွား၏။  "မိကျောင်းဘုရင်? တကယ်ပဲ အဲဒီအဖွဲ့က မိကျောင်းဘုရင်ကို သွားပြီးရန်စရဲတယ်လား?".

"မိကျောင်းဘုရင်?" လုကျန်းယောင် က သိချင်စိတ်ဖြင့် မေးလေသည်။ "အရမ်းကြောက်စရာကောင်းတာလား?"

“အဆင့် ၉ ချီးမြှောက်ခြင်းနယ်ပယ် လူသားပညာရှင် နဲ့ နှိုင်းယှဉ်နိုင်တယ်။” မိုချင်းရွှယ် က လေးနက်နေသော အမူအရာဖြင့် ပြောလိုက်သည်။ “မိကျောင်းဘုရင် က ဒီနွံတောရဲ့အရှင်သခင်လေ။ ဒါ့အပြင် ကောင်းကင်အဆင့်မြင့်ရတနာလက်နက်က တောင် သူ့အရေပြားကို မထိုးဖောက်နိုင်ဘူး။ အစ်ကို ရဲ! သူတို့တွေက ဘယ်သူတွေလဲ။

မိကျောင်းဘုရင်ကိုတောင်
ပြသနာရှာရဲကြတယ်!”

ယန်ယဲ့ က ပြန်ပြောလိုက်၏။  "ငါတော့
သူတို့က လူသားလို့မထင်ဘူး!"

"သူတို့က လူသားမဟုတ်ဘူးလား?"
မိန်းမပျိုနှစ်ဦးလုံးအံ့ဩသွားသည်။ မိုချင်းရှယ်
က သတိဝင်လာပြီးနောက် မေးသည်။
"နင်ပြောချင်တာ...., သူတို့က
နတ်ဆိုးတွေလား?"

"အဲဒါက ငါ့ရဲ့စိတ်ခံစားချက်သက်သက်ပဲ! အတိအကျတော့ ပြောလို့မရဘူး။" ယန်ယဲ့ က ခေါင်းခါရင်း ပြောလိုက်ပါသည်။

“ဒီလိုနည်းနဲ့ဆို ဒီမိကျောင်းတွေရဲ့အရေခွံနဲ့ အတွင်းပိုင်း အမြုတေ ကို ဘာကြောင့် ထုတ်မယူခဲ့တာလဲဆိုတာ အဓိပ္ပာယ်ရှိသွားပြီ။ ဘာကြောင့်လဲဆိုတော့ နတ်ဆိုးတွေက တစ်ယောက်နဲ့တစ်ယောက် သားရဲအမြုတေတွေကို ဝါးမြိုတာမျိုးမရှိဘူးလေ။" မိုချင်းရှယ် က ပြောသည်။

"အခု ငါတို့ ဘာလုပ်သင့်လဲ? ငါတို့ ထွက်သွားသင့်လား? မထွက်သွားဘူးလား?" လုကျန်းယောင် က ရုတ်တရက် မေးလာသည်။

မိုချင်းရှယ် က မည်သည့်စကားမှ ပြန်မပြောသေးဘဲ ယန်ယဲ့ ကိုသာ စိုက်ကြည့်နေ၏။

ယန်ယဲ့က မိန်းမပျိုနှစ်ဦးကို လှည့်ကြည့်ပြီးနောက် သက်ပြင်းချလိုက်မိသည်။

ဤမြိမ်းကလေးနှစ်ယောက်ကြောင့်သာ
မဟုတ်လျှင် သူ့အနေဖြင့် ဤနေရာကနေ
ချက်ချင်း ထွက်သွားနိုင်ပေသည်။

သို့ရာတွင် လက်ရှိ သူ့ဘေးနားမှ
မိန်းမပျိုနှစ်ဦးကြောင့် ထည့်တွက်ရမည့်
အရာများ ရှိနေသည်။

ယန်ယဲ့ က ခဏလောက် တိတ်ဆိတ်သွားပြီးမှ
ခေါင်းညိတ်ကာ “ဒီနေရာက
စိမ့်မြေပြင်ရဲ့အဆုံးနဲ့ သိပ်မဝေးဘူး။ ငါတို့
ပုံသန်းပြီးသွားရအောင်။ မင်းတို့နှစ်ယောက်!

ဆန်းကြယ်ချီစွမ်းအင်တွေ ကုန်ဆုံးခါနီးရင် ငါ့ကို ကြိုပြောပေးပါ။"

မိန်းမပျိုနှစ်ဦးလုံး ယန်ယဲ့ ၏သတိပေးစကားကို ခေါင်းညိတ် လက်ခံလိုက်ကြသည်။

၅၄၀

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၄၀ – သူမ ငါ့ကိုသိလား

ထို့နောက်တွင် သုံးဦးစလုံး လေထဲကို
ခုန်တက်ကာ ပျံသန်းသွားလိုက်ကြသည်။

၄ နာရီနီးပါး ပျံသန်းနေပြီးနောက် ရုတ်တရက်
အဖြူရောင်အလင်းတန်းအနည်းငယ်က
သူတို့ဆီသို့ ပြင်းထန်စွာ ပစ်လွှင့်လာသည်ကို
သတိပြုမိပြီး လူတိုင်း ၏အမူအရာက
ချက်ချင်းပင် ပြောင်းလဲသွားကြသည်။

ယန်ယဲ့က ပျံသန်းနေရင်း သူ့လက်ကိုဆန့်ကာ
မိန်းမပျိုနှစ်ဦးကို ဖမ်းကိုင်လိုက်ပြီး
မြေပြင်ပေါ်ဆင်းလိုက်လေသည်။

တစ်ချိန်တည်းတွင် သူ့ခန္ဓာကိုယ်က
လင်းလက်သွားပြီး စကားသံတစ်ခု ကျန်ခဲ့၏။
“ဒီမှာနေပြီး ဘယ်မှမသွားနဲ့။ ငါ ရှေ့က
အခြေအနေကိုကြည့်ဖို့
ခဏထွက်သွားလိုက်ဦးမယ်။"

ထို့နောက်တွင် ယန်ယဲ့ ယန်ယဲ့ ၏ခန္ဓာကိုယ်က တဖျပ်ဖျပ်ခတ်သွားပြီး နေရာမှာပင် ပျောက်ကွယ်သွားသည်။

...

"ဟမ်? ဒီလူသား ၃ ယောက်က တကယ်ရှောင်နိုင်ခဲ့တာလား?" ယန်ယဲ့ နှင့် မိန်းမပျိုနှစ်ဦး အစောပိုင်းတွင် ပျံသန်းနေသည့် လမ်းကြောင်းဖက်ကို စူးစူးရဲရဲကြည့်နေသော လူတစ်ယောက် ရှိနေလေသည်။

"ပိုင်ကောင်း၊ မင်းက အရမ်းအားနည်းတဲ့သူပဲ!"
ထိုလူ ၏ဘေးနားရှိ ဓားကိုင်ထားသော
ခပ်ထွားထွားလူက လှောင်ပြောင်ရယ်မောကာ
"ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူ ၃
ယောက်ကလေးကိုတောင် မသတ်နိုင်ဘူးလား?
မင်းက တကယ့်ကို စိတ်ပျက်စရာပဲ!"

"အဲဒီလူက နည်းနည်းထူးဆန်းတယ်။ ဟမ်?
သူက ငါတို့ဆီ ပြေးလာနေတယ်!
စိတ်ဝင်စားစရာပဲ!" ပိုကောင်း ဟုခေါ်သော
လူက ဝမ်းသာအားရ ပြုံးလိုက်လေသည်။

သန့်မာသော အမျိုးသားက အဝေးမှ မိကျောင်းဘုရင်နှင့် စေ့စပ်ညှိနှိုင်းနေသော မျက်နှာဖုံးအုပ်အမျိုးသမီးကို တစ်ချက်ကြည့်လိုက်ပြီး "အဲဒီလူသားတွေကို အမြန်ဖယ်ရှားပစ်လိုက်။ မင်းသမီး က ညှိနှိုင်းတာ ပြီးတော့မယ်။ ငါ့အမြင်ကတော့ ညှိနှိုင်းစရာ မလိုပါဘူး။ သူတို့က သဘောမတူရင် တစ်ခါတည်း သတ်ပစ်လိုက်သင့်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် အဲဒီသတ္တဝါတွေက နွံတောထဲမှာပဲနေနိုင်တာ။ တကယ်ဆိုရင် ငါတို့အတွက် ဘာမှ အသုံးမဝင်ဘူး။"

"ပိုင်ရှင်း! မင်းက လူမိုက်ကောင်ဆိုတာ ဝန်ခံဖို့ ငြင်းချင်သေးလား?" ပိုင်ကောင်း က အထင်အမြင်သေးစွာ ပြောလိုက်သည်။

“အရွယ်မရောက်သေးတဲ့ မိကျောင်းတွေက ငါတို့အတွက် သဘာဝအတိုင်း အသုံးမဝင်ပေမဲ့ အရွယ်ရောက်တဲ့ မိကျောင်းတွေကော? သူတို့က ငါတို့လိုပဲ လူသားပုံစံပြောင်းနိုင်တယ်။ ဒါ့အပြင် နွံတောရဲ့အောက်ခြေမှာ မရေမတွက်နိုင်တဲ့ အဖိုးတန်ရတနာတွေ ရှိတယ်၊ ဒါကြောင့် သူတို့ကို လက်အောက်ခံစေပြီးတာနဲ့ မင်းသမီးရဲ့

ဘဏ္ဍာတိုက်ထဲမှာ ရတနာတွေ၊
အရင်းအမြစ်တွေ ပြည့်လာမှာလေ။"

ပိုင်ရှင်း က အေးစက်စွာ ညည်းညူပြီး
“အမှိုက်စကားတွေကို ဖြတ်ပြီး
အဲဒီလူသားတွေကို အရင် ကိုင်တွယ်ပါ။
မင်းသမီးကို နှောင့်ယှက်ရင်
မင်းအသက်မရှင်နိုင်မှာ သေချာတယ်။”

“ဒါက လူသား
ဝိညာဉ်နယ်ပယ်အလွှာ်ဆင့်ကျွမ်းကျင်သူပါပဲ

လေ။  ငါလိုအပ်တာက လက်သီးတစ်ချက်ပဲ!”
ပိုင်ကောင်း က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"သတိမပေါ့ဘဲ လွှယ်ကူတဲ့အလုပ်မှာ
မရှုံးအောင် သတိထားပါ။" ပိုင်ရှင်း က
လေးလေးနက်နက်ပြောလေသည်။ "ဒီလူက
တော်တော်လေးထူးဆန်းနေတယ်!"

"ဟားဟား! မင်းဆိုတဲ့ ပိုင်ရှင်း က
ဒီလိုကိစ္စတွေအတွက် စဉ်းစားပေးမယ်ဆိုတာ
ငါဘယ်တုန်းကမှ မသိခဲ့ဘူး။" ပိုင်ကောင်း က

ချဲ့ကားပြောနေပုံရသည့် ပိုင်ရှင်းကို
စိုက်ကြည့်လိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့က ၎င်းတို့နှစ်ဦးရှေ့တွင်
ပေါ်လာသည်။

ပိုင်ကောင်း က အစောပိုင်းတွင် သူတို့အဖွဲ့ကို
တိုက်ခိုက်ခဲ့သူဖြစ်ရာ ယန်ယဲ့
၏အကြည့်များက ပိုကောင် အပေါ်တွင်သာ
ပိတ်လှောင်ထားသည်။

"လူသားလေး! မင်း....” ပိုင်ကောင်းက
စကားစရန်ရှိသေး၊ သူ့ရှေ့မှလူသားက

အရင်ဦးဆုံး တိုက်ခိုက်လာသဖြင့် သူ့မျက်နှာက ချက်ချင်းပင် ပြောင်းလဲသွားတော့သည်။

ယန်ယဲ့က ပိုင်ကောင်း ရှေ့သို့ ခုန်ဝင်လာပြီး တစ်ဆက်တည်း သူ၏လက်သီးချက်များက မိုးသီးမိုးပေါက်များအလား အဆက်မပြတ်ကျရောက်လာလေတော့သည်။

"မင်း သေလမ်းရှာတာဘဲ!" ပိုင်ကောင်း က ဒေါသတကြီး အော်ဟစ်ပြီး ရှေ့ကို လက်သီးနဲ့ ပြန်ထိုးချလိုက်သည်။

အုန်း!

လက်သီးချက် ချင်း ရင်ဆိုင်ပြီးနောက်တွင် ပိုင်ကောင်း ၏အမူအရာက ချက်ချင်း ပြောင်းသွားပါသည်။

အဘယ်ကြောင့်ဆိုသော် ထိုလူသား၏လက်သီးနှင့် ရင်ဆိုင်တွေ့သောအခါ သူ၏လက်များ ထုံကျင်သွားသလို ခံစားလိုက်ရသည်။

ထို့အပြင် ယန်ယဲ့ ၏လက်သီးချက်မှ ခွန်အားက
သူ့ကို ခြေလှမ်း ၁၀ လှမ်းကျော်အထိပင်
နောက်ပြန်ဆုတ်သွားစေခဲ့သည်။

ပိုင်ရှင်းက တဖြည်းဖြည်း အရေးနိမ့်နေသည့်
ပိုင်ကောင်း ကို သတိပြုမိသောအခါ
အနည်းငယ်မျက်မှောင်ကြုတ်ကာ
ကြည့်နေလေသည်။

ထို့နောက် သူ့ခန္ဓာကိုယ်က
တစ်ချက်တုန်ခါသွားကာ ယန်ယဲ့ ဆီသို့
တရကြမ်းခုန်ဝင်သွားလေတော့၏။

ပိုင်ရှင်းက သူ့နောက်ကနေ ခုန်ဝင်လာကြောင်း သတိပြုမိလိုက်ရာ ယန်ယဲ့က မျက်မှောင်ကြုတ်သွားသည်။

သူက ပိုင်ကောင်း ကို လက်သီးတစ်ချက်နှင့် အားကုန်ဖိထိုးလိုက်ပြီး နှင်းခဲအလင်းဓား ကိုဆွဲထုတ်ကာ ပိုင်ရှင်း ၏ဓားကို တန်ပြန်ခုတ်ပိုင်းလိုက်သည်။

ချွပ်!

နှင်းခဲအလင်းဓားက ပိုင်ရှင်း
၏ဓားလက်ကိုင်ရိုးကို ပိုင်းဖြတ်သွားကာ
၎င်း၏မျက်လုံးများက
ပြူးကျယ်သွားပါတော့သည်။
ဤလူသားက သူ့ဓားကို
နှစ်ပိုင်းဖြတ်တောက်ပစ်လိမ့်မည်ဟု သူ
မမျှော်လင့်ထားခဲ့ပေ။

တစ်ချိန်တည်းတွင် ပိုင်ရှင်း က
သတိအပြည့်ဖြင့် ချက်ချင်းပင် မီတာ ၄၀
အကွာထိ ခုန်ထွက်သွားခဲ့လေသည်။

ထိုအချိန်တွင် ပိုင်ကောင်း က ထိတ်လန့်တကြားအော်လိုက်သည်။ "ပြောစမ်း! အတိအကျ မင်း ဘယ်သူလဲ?"

ယန်ယဲ့က နောက်ကို လှည့်ကြည့်လိုက်ပြီး ပိုင်ကောင်း ကို စိုက်ကြည့်ရင်း “ငါက အားလုံးကို မစော်ကားချင်ပါဘူး။ ဖြတ်သွားဖြတ်လာ တစ်ယောက်ပဲ။ ဒါပေမဲ့ မင်းတို့က ငါ့ကို စော်ကားတယ်။ ဒီလိုမျိုးဆိုတော့ မင်းတို့နှစ်ယောက်လုံးကို ဖယ်ရှားလိုက်တာ ပိုကောင်းတယ်!”

ထိုစကားပြောလိုက်ရင်း
ခြားကိုတစ်ချက်ယမ်းလိုက်ရာ
ခြားကြိုးတစ်ချောင်း ထွက်လာပြီး ပိုင်ကောင်း
ထံ တည့်တည့် ပြေးဝင်သွား၏။

ခြားကြိုး မှ ကြောက်မက်ဖွယ်အငွေ့အသက်ကို
ခံစားမိသောအခါ ပိုင်ကောင်း ၏အမူအရာက
သိသိသာသာ ပြောင်းလဲသွားသည်။

"သူက ခြားစိတ်ဆန္ဒ ကိုနားလည်ထားတဲ့
ခြားသမားတစ်ယောက်လား?" ပိုင်ကောင်းက
ထိတ်လန့်သွားကာ

ထိပ်တိုက်ရင်ဆိုင်ဝံ့ခြင်းမရှိဘဲ
ကမန်းကတန်းရှောင်တိမ်းလိုက်သည်။

ဘုန်း!

သို့သော် ဤအချိန်တွင် ယန်ယဲ့
၏ခြေထောက်တစ်ဖက်က
မြောက်တက်လာကာ မူလပုံစံအသွင်ပြောင်းရန်
ပြင်နေသည့် ပိုင်ရှင်း
ကိုဖြတ်ကန်လိုက်လေသည်။

အုန်း

ပိုင်ရှင်း

၏တစ်ဝက်အသွင်ပြောင်းနေသည့်ခန္ဓာကိုယ်

ကြီးက မြေပြင်ပေါ်သို့

တည့်တည့်ပြုတ်ကျသွားသည်။

ယန်ယဲ့က ရှေ့ကိုတိုးလာပြီး

ထပ်မံတိုက်ခိုက်ရန်ပြင်လိုက်စဉ်

သူ့နှာခေါင်းထဲသို့ မွှေးရနံ့များ ဝင်လာသဖြင့်

လန့်သွားကာ နောက်ကို

အမြန်ပြန်လှည့်ကြည့်လိုက်၏။

ထိုအခါ သူ့ထံသို့ လျှောက်လာနေသည့်
ရှင်းနီးလွန်းသော အမျိုးသမီးကို
တွေ့လိုက်ရသည်။

ဤအချိန်တွင် အမျိုးသမီး ၏လှပသော
မျက်ခုံးများက အနည်းငယ် တွဲချည်ထားသည်။
ရုတ်တရက် သူမက တစ်စုံတစ်ခုကို
သတိပြုမိသွားပုံရပြီး အလိုအလျောက်
အော်ခေါ်လိုက်မိပါသည်။
"ယန်....ယန်ယွဲ့လား?"

ယန်ယွဲ့ က

သူမ၏စကားသံကိုကြားလိုက်သောအခါ

တိုက်ခိုက်ရန် ပြင်နေရာမှ ရုတ်ချည်းပင်

အံ့အားသင့်သွားလေသည်။"

သူမငါ့ကိုသိနေတာလား?

။

၅၄၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၄၁ – ပူးပေါင်းမှာလား

အမျိုးသမီးက ယန်ယဲ့ ၏ရှေ့တွင်ပင် သူမမျက်နှာပေါ်မှ ပုဝါစကိုဖယ်လိုက်ရာ လှပသောမျက်နှာလေးတစ်ခုပေါ်လာသည်။

"ယန်ယဲ့! မှန်တယ်... နင့်ကို ဓားအင်ပါယာ ယန်လို့ ခေါ်ရမယ်။ မတွေ့ရတာကြာပြီနော်!" အမျိုးသမီးက
မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း သူ့ကို ပြုံးပြလိုက်သည်။

ယန်ယဲ့ က အကူအညီမဲ့စွာ ပြုံးလိုက်ပါသည်။

ဤအမျိုးသမီးက သူမေ့လုနီးပါးဖြစ်နေသည့် ယင်ရှမ်အော ဖြစ်နေလိမ့်မည်ဟု သူ့စိတ်ထဲ ထင်ပင်ထင်မထားပေ။

သူက "အလှမယ် ယင် ဖြစ်လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ တောင်ပိုင်းနယ်မြေမှာ မင်းအကြောင်း ဘာမှမကြားရတာ အံ့သြစရာမရှိဘူးပဲ။ ဒီတော့ မင်းက ဗဟိုနယ်မြေကို တောင်ရောက်နေပြီကိုး။"

"ငါ ယင်ရှမ်အာ!" ယင်ရှမ်အာ က ယန်ယဲ့ ကို စိုက်ကြည့်ရင်း လျှောက်လာပြီး မျက်နှာပေါ်တွင် အပြုံးနှင့်ပြောလိုက်ပါသည်။

"နင် ငါ့အကြောင်းကို မကြားပေမဲ့ နင့်အကြောင်း ကောလဟာလတွေတော့ မကြာခဏ ကြားနေရတယ်။

ပန်းနန်းတော်ကို နင်ကိုယ်တိုင် တိုက်ခိုက်ခဲ့တာနဲ့ ပန်းသင်္ချိုင်းကိုဖျက်ဆီးခဲ့တယ်။ ပြီးတော့ ဗဟိုနယ်မြေကို ဘယ်လိုရောက်လာပြီး သတ်ဖြတ်ခဲ့တာတွေ အကုန်သိထားတယ်။ နင့်နာမည်ကိုကြားလိုက်တာနဲ့ ပါရမီရှင်တွေအကုန်ကြောက်လန့်နေကြပြီ။

ယောက်ျား! နင်က တကယ်ကို အထင်ကြီးစရာပဲ။ ငါ ယင်ရှမ်အာ ရဲ့ယောက်ျားကမျှော်လင့်ထားသလိုပဲ!"

ယောက်ျား?

ပိုင်ရှင်းနှင့် ပိုင်ကောင်း တို့၏ အမူအရာများ က ချက်ချင်းပြောင်းလဲသွားကာ ၎င်း တို့အကြည့်များက ယန်ယဲ့ အပေါ်ပို၍ပင် ရန်လိုလာခဲ့သည်။

ယန်ယဲ့ ၏ပါးစပ်ထောင့်များ တုန်လှုပ်သွားကာ "မိန်းကလေး ယင်! ငါတို့ကြားမှာ ဘာဆက်ဆံရေးမှမရှိဘူးလေ.... ဟုတ်တယ်မလား?"

"ယောက်ျား!" ယင်ရှမ်အာ ၏မျက်နှာပေါ် ရှိ အပြုံးလေးက ဝမ်းနည်းသောအမူအရာတစ်ခုအဖြစ် ချက်ချင်းပြောင်းလဲသွားကာ သူမမျက်လုံးများတွင် မြူမှုန်အလွှာတစ်ခုပင် ရှိနေသည်။ "ဘာလို့လဲ... အဲဒီနေ့က တော်ဝင်အဖေကို

ဘာကတိပေးခဲ့တာလဲ။နင်ငါ့ကို
ကောင်းကောင်းဂရုစိုက်မယ်လို့
ကတိပေးခဲ့တယ်။ ဘာလဲ? အခု နင့်မှာ
ဆေဘာဓားဂိုဏ်းရဲ့စုချင်းရှီ ရှိလို့ ငါ့ကို
မေ့သွားပြီလား။
နင်ငါ့ကိုဘယ်လောက်သစ္စာမဲ့တာလဲ!"

ပိုင်ရှင်း နှင့် ပိုင်ကောင်း တို့ပင်လျှင် ယင်ရွှမ်အာ
၏လုပ်ရပ်ကို ကြည့်ရင်း မျက်လုံးများ
ပြူးကျယ်သွားကာ မေးရိုးများပင် မြေပြင်နှင့်
ထိကပ်လုနီးပါး ဖြစ်နေပြီဖြစ်သည်။

အမြဲလိုလို ပြတ်ပြတ်သားသား ပြုမူလေ့ရှိပြီး
အခြားသူများကို တစ်ချက်မျှပင် မကြည့်သည့်
မင်းသမီးနှင့် တူပါသလား?

ယင်ရှမ်အာ ၏မြေခွေးမလေးကဲ့သို့
သနားစရာကောင်းသော အသွင်အပြင်ကို
စိုက်ကြည့်နေရင်းမှ ယန်ယဲ့ ၏မျက်ခွံများ
လှုပ်ယမ်းသွားကာ သူ့ခန္ဓာကိုယ်ထဲတွင်
မက်မောမှု ရမက်ဆန္ဒများ ပေါ်လာသည်။

ကံကောင်းစွာဖြင့် သူ၏နှလုံးသားထဲမှ
ဉာဏ်အလင်းရခြားနှလုံးသားကို ထုတ်ဖော်ကာ
ကမန်းကတန်း ဖိနှိမ်လိုက်ပြီး ခေါင်းယမ်းကာ

"မိန်းကလေး ယင်! ငါတို့ ပုံမှန်စကားပြောလို့ ရမလား။ မင်းရအရမ်းလှတယ်ဆိုတာ ငါဝန်ခံပါတယ်၊ မင်းရဲ့ညှို့ယူမှုနည်းစနစ်တွေက အရင်ကထက်တောင် ပိုကောင်းလာတယ်။

ဒါပေမဲ့ ငါက ဓားပညာရှင်တစ်ဦးဆိုတာ ရှင်းရှင်းလင်းလင်း သိထားသင့်တယ်။ ပြီးတော့ ငါက သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ နဲ့ ဉာဏ်အလင်းရဓားနှလုံးသားကို နားလည်တဲ့သူလေ။ ဒီတော့ မင်းရဲ့ နည်းလမ်းတွေက ငါ့အပေါ် သက်ရောက်မှုမရှိဘူး။"

"ဆွဲဆောင်မှုနည်းစနစ်တွေ? ငါ နင့်ကို ညှို့ယူတဲ့ နည်းလမ်းတွေကို သုံးတယ်လို့ ပြောနေတာလား?" ယင်ရှမ်အာ က မျက်တောင်ခတ်ပြီး ခပ်တိုးတိုးရယ်မောလိုက်သည်။

ယန်ယဲ့ က ဤအခြေအနေတွင် စကားပြန်မပြောဘဲ ခပ်ဆိတ်ဆိတ်သာ နေနေ၏။

“ကောင်းပြီ။ ငါတို့ မတွေ့တာတောင် ကြာပြီဆိုတော့ မေးစရာတွေ

အများကြီးရှိတယ်။ နင့်မှာ ငါ့ကိုမေးစရာတွေ အများကြီးရှိမယ်ထင်တယ် ဟုတ်လား"

ယင်ရှမ်အာ က ပြုံးပြီး "လာပါ၊ ဒီနွံတောထဲက သတ်ဖြတ်ခြင်းသံမဏိမိကျောင်းတွေကို ငါ ဖယ်ရှားလိုက်ပြီ။ အခု သူတို့ နန်းတော်ကို သွားရအောင်။"

ထိုစကားပြောရင်း ယင်ရှမ်အာက သူမ၏ဖြူဖွေးသွယ်လျသော လက်ကိုဆန့်ကာ ယန်ယဲ့ ၏လက်မောင်းကို ချိတ်လိုက်ပြီး နွံတောအနက်ပိုင်းနေရာကို ဆွဲခေါ်သွားလေသည်။

"မလှမ်းမကမ်းမှာ ငါ့မိတ်ဆွေ

နှစ်ယောက်ရှိတယ်...."

“ပိုင်ရှင်း၊ ပိုင်ကောင်း  သွားပြီး

ငါ့ယောက်ျားရဲ့မိတ်ဆွေတွေကို နန်းတော်ဆီ

ခေါ်လာခဲ့။ တစ်ခုမှတ်ထား!

ယဉ်ကျေးသိမ်မွေ့ဖို့ သတိရပါ၊ မဟုတ်ရင် ငါ

နင်တို့နှစ်ယောက်ကို

အသက်ဆက်ပြီးမရှင်ချင်အောင်

လုပ်ပေးမယ်!"

...

နံ့တော ၏အောက်ခြေတွင်။

အလွန်ပင် ကြီးကျယ်ခမ်းနားလှသည့် နန်းတော်ကြီးတစ်ခုရှိနေကာ၊ သူ့ရှေ့မှ ရှုတ်တရက်မြင်ကွင်းကြောင့် ယန်ယဲ့ ပင်လျှင် အံ့အားသင့်သွားပါသည်။

နံ့တော ၏အောက်ခြေတွင် 'အခြားကမ္ဘာ' တစ်ခုရှိနေလိမ့်မည်ဟု ထင်မထားသဖြင့် အတော်လေး အံ့သြသွားလေသည်။

သူမရှေ့က နန်းတော်ကြီးကို ငေးကြည့်ရင်း ယန်ယဲ့ ၏လက်ကိုကိုင်ထားသည့် ယင်ရှမ်အော က ခေါင်းညိတ်ပြလိုက်ရာ ရွှေရောင်အကြေးခွံများဖုံးလွှမ်းနေသည့် လူတစ်ယောက်ကို ပြောလိုက်သည်။ " ကျင်းရှ! နင် ဒီလောက်ကြီးကျယ်တဲ့ မြေအောက်နန်းတော်တစ်ခုကို ဖန်တီးထားမယ်လို့ ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ အထဲမှာ ရတနာတွေ အများကြီး ရှိတယ် ထင်တယ် ဟုတ်ရဲ့လား !”

ကျင်းရှ ဟူခေါ်သည့် ရွှေရောင်လူက အနည်းငယ်စိတ်မသက်မသာဖြစ်သွားလေသ ည်။

ယင်ရှမ်အာက မူ ၎င်းကို ဂရုမစိုက်ဘဲ ယန်ယဲ့ကို လက်ဆွဲကာ မြေအောက်နန်းတော် ဆီသို့လျှောက်လာခဲ့သည်။

“ငါက တောင်ပိုင်းနယ်မြေမှာရှိနေတဲ့အချိန် တောင်ပိုင်းနယ်မြေက ပရမ်းပတာဖြစ်တော့မယ်ဆိုတာ ကေရာဇ်အတိုင်ပင်ခံက သိထားလို့

နယ်မြေတွေကြားက အတားအဆီးတွေကို
ချိုးဖျက်ပြီး ဗဟိုနယ်မြေကို
သွားခွင့်ပြုလိုက်တာ။ အစက နင့်ကိုလည်း
ငါနဲ့အတူ ခေါ်သွားဖို့ ရည်ရွယ်ခဲ့သေးတယ်။

ဒါပေမဲ့ နင်ငါ့နောက်ကို
လိုက်မှာမဟုတ်ဘူးဆိုတာ ငါသိတယ်။ နင့်ကို
ငါနဲ့လိုက်ခဲ့ဖို့ အတင်းအကြပ်ဖိအားပေးရင်
ငါ့ကို ထာဝရမုန်းတီးသွားလိမ့်မယ်။"
ယင်ရှမ်အာ က နန်းတော်အတွင်းသို့
လျှောက်ဝင်လာရင်း
ဖြည်းညှင်းစွာပြောလိုက်သည်။

“ကေရာဇ်အတိုင်ပင်ခံက သိထားတာလား?"
ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။

ယင်ရှမ်အာ က ယန်ယဲ့ ၏လက်ကိုဆွဲကာ ရတနာတိုက် ဆီသို့ လျှောက်သွားရင်းမှ ပြောလိုက်သည် "ဟုတ်တယ်။ လော့ကျန်း ကို လူသားကေရာဇ် ဖြစ်အောင် လုပ်ပေးခဲ့တာက ကေရာဇ်အတိုင်ပင်ခံ ကိုယ်တိုင်ပဲလေ။ ဒါပေမဲ့ စိတ်မပူပါနဲ့....

ငါတို့က သူနဲ့ တစ်ဖက်တည်းမှာ မရှိဘူး၊ ငါတို့က တစ်ယောက်နဲ့တစ်ယောက် အသုံးချနေကြတာ။”

ယန်ယဲ့ က သက်ပြင်းတစ်ချက်ချလိုက်ပြီး
"မင်းရဲ့ရည်ရွယ်ချက်က မဟာချင်အင်ပါယာနဲ့
တောင်ပိုင်းနယ်မြေရဲ့
မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းကို
ဖျက်ဆီးဖို့ပဲမဟုတ်လား?"

ယင်ရှမ်အာ က ခေါင်းယမ်းကာ ပြုံးလိုက်သည်။
“ဒါက ငါတို့ရဲ့တစ်ခုတည်းသော ရည်မှန်းချက်
မဟုတ်ပါဘူး။ ငါတို့ရဲ့အဓိက ရည်ရွယ်ချက်က
ရှန်ကေရာဇ်နိုင်ငံတော်ကို
ပြန်လည်တည်ထောင်ဖို့ပဲ။”

၅၄၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၄၂ – နွံတောအောက်ခြေမှ ရတနာတိုက်

“ရှန်ကေရာဇ်နိုင်ငံတော်ကို ပြန်လည်ထောင်ချင်တာလား?" ယန်ယဲ့က

တစ်ခုခုပြောရန်ပြင်နေချိန်တွင် ယင်ရှမ်အာ က စကားဖြတ်ပြောသည်။

"အခု ငါတို့က သတ်ဖြတ်ခြင်းသံမဏိမိကျောင်းတွေ ဘယ်လိုရတနာတွေ ပိုင်ဆိုင်ထားတယ်ဆိုတာ ကြည့်ရအောင်။

မှန်တယ်၊ ဒီအထဲမှာ နင်ကြိုက်တာမှန်သမျှ ယူသွားပါ။ နင်က ငါ့ယောက်ျားမို့ ငါ့အပိုင်အရာတွေအားလုံး နင့်အပိုင်ပဲ!”

ရတ်တရက်ပင် ယန်ယဲ့ ၏အကြည့်များသည် ရတနာတိုက်ထဲမှ သလင်းကျောက် မျက်နှာဖုံးပေါ်သို့ ကျဆင်းသွားသည်။ ယန်ယဲ့ က ရှေ့ကိုလျှောက်သွားပြီး မျက်နှာဖုံးကို ကောက်ကိုင်လိုက်၏။ မျက်နှာဖုံးကို ထိတွေ့လိုက်သည်နှင့် နူးညံ့မှုကို ခံစားမိလိုက်သည်။

“အဲဒီမျက်နှာဖုံး၊ ကျောက်စိမ်းမျက်နှာဖုံးက လူသားပညာရှင် ဆီက ရလာတဲ့ အရာပဲ။” ကျင်းရှု က "ဒါက ကောင်းကင်အလယ်အလတ်အဆင့်ရတနာတစ်

ခုလေ။ မင်းက ဒါကိုဝတ်ဆင်လိုက်တာနဲ့
တခြားသူတွေက မင်းရဲ့မျက်နှာကို
ရှင်းရှင်းလင်းလင်းမြင်နိုင်မှာ မဟုတ်ဘူး။

ဒါ့အပြင်လိုအပ်တဲ့အခါ မင်းရဲ့အသွင်အပြင်ကို
ပြောင်းလဲနိုင်သေးတယ်။ ဒါပေမဲ့
အဲလိုလုပ်တာက မင်းရဲ့
ဆန်းကြယ်ချီစွမ်းအင်ပမာဏကို
ကြီးကြီးမားမားကုန်ဆုံးစေတယ်။”

"ငါ့အသွင်အပြင်ကို ပြောင်းလဲစေနိုင်တာလား?"
ယန်ယဲ့ က ပြုံးပြီး ကျင်းရှ ကို တုံ့ဆိုင်းစွာ

စိုက်ကြည့်ရင်း ကျောက်စိမ်းမျက်နှာဖုံးကို သိုလှောင်လက်စွပ်ထဲမှထည့်လိုက်သည်။ "ဒီ ကျောက်စိမ်းမျက်နှာဖုံးက ကောင်းကင်အလယ်အလတ်အဆင့်ရတနာဆိုမှ တော့ ထင်သလောက်မရိုးရှင်းနိုင်ဘူး။"

“အဲဒီလူသားပညာရှင်က အဲဒီမျက်နှာဖုံးကို အသက်သွင်းလိုက်တဲ့အခါ မရေမတွက်နိုင်တဲ့ 'မျက်နှာအသွင်အပြင်' တွေကို ဖန်တီးခဲ့တယ်။

ပြီးတော့ သူတို့ထဲက တစ်ယောက်ချင်းစီတိုင်းက အတော်လေး

ပြင်းထန်တဲ့ တိုက်ခိုက်ရေးစွမ်းအားတွေ ပိုင်ဆိုင်ထားတယ်။ ဒါပေမဲ့ သူတို့က ငါ့ရဲ့အကာအကွယ်ကို မဖြတ်နိုင်ဘူး!" ကျင်းရှ က ဂုဏ်ယူစွာနဲ့ ပြောလေသည်။

ယင်ရှမ်အာ က ရုတ်တရက် ပြောလိုက်သည်။ "ကျင်းရှ! နင့်ရဲ့မျိုးနွယ်ရိုးထဲက သတ်ဖြတ်ခြင်းသံမဏိမိကျောင်းတွေအားလုံး ကို စုပြီး ငါ့ကိုအပြင်မှာစောင့်နေ။"

ကျင်းရှက ရတနာတိုက်ထဲမှ ရတနာများအားလုံးကို မကျေမနပ်

စိုက်ကြည့်ပြီးနောက် အခန်းထဲမှ ထွက်သွားသည်။

ယန်ယဲ့ က အခန်းထဲကနေ မကျေမနပ်ဖြင့် ထွက်သွားသည့် ကျင်းရှု ကို တစ်ချက်ကြည့်ရင်း ပြုံးလိုက်သည်။ "သူက ငါ့ကို မနာလိုဖြစ်နေတာထင်တယ်!"

ယင်ရှမ်အာက ချစ်စဖွယ်ပြုံးကာ "သူက မနာလိုဖြစ်တော့ကော? သူသာ တကယ်လို့ နင့်ကို တိုက်ခိုက်ရဲရင် ငါသူ့ကိုသတ်ပစ်မယ်။"

ယန်ယွဲ့ က သူမကို တစ်ချက်ကြည့်လိုက်ပြီး
"မိန်းမပျို ယင်!  မင်းငါ့ကို ရတနာယူဖို့ ဒီကို
ခေါ်လာခဲ့တာမဟုတ်ဘူးလို့ ငါထင်တယ်....
ဟုတ်ရဲ့လား။
ငါ့စိတ်ကဘာယ်လိုလဲဆိုတာ မင်းသိမှာပါ။

ခြုပတ်ပတ်လည်ကို လှည့်ပတ်ရိုက်ပုတ်ရတာ
ငါတကယ်မကြိုက်ဘူး၊ မင်းပြောစရာရှိရင်
ငါ့ကိုတည့်တည့်ပြောပါ။"

ယင်ရှမ်အာ က ယန်ယွဲ့
၏လက်ကိုကိုင်ထားရာမှ လွှတ်လိုက်ပြီး

မျက်နှာချင်းဆိုင်ကာ လေးလေးနက်နက်ပြောလေသည်။ "ငါ့နိုင်ငံကို ငါပြန်တည်ထောင်ချင်တယ်လို့ နင့်ကို ပြောခဲ့တယ်။ နင် ငါ့ကို ကူညီပေးနိုင်မယ်လို့ မျှော်လင့်တယ်။

ဟုတ်ပါတယ်၊ ငါနင့်ကိုဘာမှမပေးဘဲ ကူညီခိုင်းမှာတော့မဟုတ်ဘူး။

နင်တကယ်ပဲ ငါ့ယောက်ျားဖြစ်ချင်ရင်တောင် မေးခွန်းထုတ်စရာမရှိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဓားအင်ပါယာ ဆိုတဲ့ နင့်ရဲ့ဂုဏ်ပုဒ်က နင့်ကို ငါနဲ့လက်ထပ်ဖို့ထိုက်တန်စေတယ်!" သူမက ယန်ယဲ့ ၏ဆိုလိုရင်းကို နားလည်ထားသဖြင့်

အရိုးရှင်းဆုံးနည်းလမ်းဖြင့်သာ ဆွဲဆောင်ခဲ့သည်။

"မင်းရဲ့ယောက်ျားဖြစ်ရမှာလား?" ယန်ယဲ့ က ခေါင်းယမ်းကာ ရယ်မောလိုက်သည်။ "မိန်းမပျို ယင်! ငါ့ကို မင်းရဲ့ရုပ်သေးဖြစ်လာတာ လိုချင်နေတာပဲ၊ ဟုတ်တယ်မလား?"

"နင့်ကို ငါ့ရုပ်သေးဖြစ်အောင် ငါလုပ်နိုင်စွမ်းမရှိဘူး!" ယင်ရွှမ်အာ က "နင်ဆန္ဒရှိရင် ငါတို့ တကယ်လက်ထပ်နိုင်တယ်။ ဒါပေမယ့် နင် ငါ့ရဲ့

ရှန်ကလန် ကိုဝင်ရောက်ပြီး ငါ နဲ့
လက်ထပ်ရမယ်။

ရှန်ကေရာဇ်နိုင်ငံတော်ကို
ပြန်ပြီးတည်ထောင်ပြီးတာနဲ့ ငါတို့ရဲ့
အနာဂတ်သားတော်က ရှန်မင်းဆက် ရဲ့ကေရာဇ်
ဖြစ်လာလိမ့်မယ်။

ဒါ့ပြင် နင်သဘောတူရင် နင့်လက်ထဲကို
ကမ္ဘာ့ပေါ်တယ်ရဖို့ ငါတတ်နိုင်သမျှ
အစွမ်းကုန်ကူညီပေးမယ်။"

ယန်ယွဲ့ က ငြင်းဆန်ခြင်းမပြုဘဲ
ထပ်မေးလိုက်သည် ။ "မင်း ငါ့ဆီက ဘာကို

အတိအကျ လိုချင်တာလဲ?"
ယန်ယဲ့အနေဖြင့်လည်း ယင်ရှမ်အာက
သူ့ကိုချစ်မြတ်နိုးသည်ဟု မထင်ပေ။
ထို့ကြောင့် သူမက ဘေးနားတွင်
ထားချင်နေသည်ဖြစ်ရာ
တစ်စုံတစ်ခုကိုပြောချင်နေလိုခြင်းသာဖြစ်နိုင်
ပေသည်။

"နင့်ရဲ့အနာဂတ်!" ယင်ရှမ်အာ က "ငါ နင့်ကို
ချစ်လို့လို့ ပြောရင် ငါ့ကိုတောင် ယုံမှာ
မဟုတ်ဘူး။ ငါ့မှာ နင့်အပေါ်

အထင်ကောင်းပေမယ့် တကယ်ကို အချစ်လို့
သတ်မှတ်လို့ မရပါဘူး။
ဒါပေမဲ့ ငါ နင့်ကို မမုန်းဘူး ဆိုတော့
ကောင်းပါတယ် ။ ခံစားချက်နဲ့ ပတ်သက်ရင်
အဲဒါတွေက အချိန်နဲ့အမျှ
ထိန်းညှိပေးလို့ရတယ်။”

“ကျရှုံးရင် ဒါမှမဟုတ် နောင်မှာ မင်းကို
စိတ်ပျက်စေခဲ့ရင် ဘာဖြစ်မလဲ?” ယန်ယဲ့က
သူ့မျက်နှာတွင်အပြုံးနှင့် ပြန်ပြောလိုက်သည်။

ယင်ရှမ်အာ က ပြုံးလိုက်သည်။ "ဒါဆို ငါ့ကိုယ်ငါ မျက်စိကန်းတယ်လို့ပဲ အပြစ်တင်လို့ရတယ်။"

ယန်ယဲ့က ခဏလောက် နှုတ်ဆိတ်သွားပြီး "မိန်းမပျို ယင်! မင်းရဲ့ရှန်ကလန် နဲ့ လက်ထပ်ဖို့ မလိုအပ်ဘူးလို့ ငါထင်တယ်။ ငါကလက်စားချေချင်နေတဲ့အချိန်မှာ မင်းက ရှန်နိုင်ငံကို ပြန်ပြီးတည်ထောင်ချင်တယ်။

ဒါကြောင့် ငါတို့ရဲ့ရည်မှန်းချက်တွေက အခုဆို အချင်းချင်း လိုက်လျောညီထွေဖြစ်နေပြီ။

အဲဒီလိုဆိုတော့ ပူးပေါင်းဆောင်ရွက်လို့ရတယ်။
မင်းဘယ်လိုထင်လဲ?"

"ပူးပေါင်းဆောင်ရွက်မလား?"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "ငါ့အထင် မင်း
ဗဟိုနယ်မြေကို ရောက်ကတည်းက ခမ်းနားတဲ့
အစီအစဉ်တွေ ရှိနေတယ်လို့ ခံစားရတယ်။
ငါမမှားရင် မင်းရဲ့နိုင်ငံကို ဗဟိုနယ်မြေမှာ
ဒါမှမဟုတ် တောင်ပိုင်းနယ်မြေမှာ
ပြန်တည်ထောင်ဖို့ကြံစည်နေတာလား?"

“ဟုတ်တယ်!” ယင်ရှမ်အာက  "ဒါပေမဲ့ တောင်ပိုင်းနယ်မြေမှာတော့ မဟုတ်ဘူး၊ တောင်ပိုင်းနယ်မြေရဲ့စွမ်းအင်တွေက တဖြည်းဖြည်းနဲ့ လျော့နည်းလာပြီ။  မကြာခင် ဒါမှမဟုတ် နောက်ပိုင်းမှာ စွန့်ပစ်ခံရလိမ့်မယ်။"

ယန်ယဲ့ က မျက်ခုံးပင့်ပြီး "မင်းရဲ့နိုင်ငံကို ဗဟိုနယ်မြေမှာ တည်ထောင်ချင်တယ်ဆိုရင်တော့ မြင့်မြတ်သောဟန်အင်ပါယာ နဲ့ထိပ်တိုက်တွေ့မှာသေချာတယ်။ ဘာလို့လဲဆိုတော့

အဲဒီရှေးဟောင်းအင်ပါယာက သူ့မျက်စိရှေ့မှာ နိုင်ငံကြီးတစ်ခုတည်ထောင်တာကို လုံးဝခွင့်ပြုနိုင်မယ်မထင်ဘူး။ အဲဒီလိုဆိုတော့၊ ငါတို့မှာ ဘုံရန်သူရှိတယ်၊ အဲဒီနည်းနဲ့ ငါတို့က မြင့်မြတ်သောဟန်အင်ပါယာကို ဆန့်ကျင်နိုင်တယ်။ ဒါဆို မင်းဘယ်လိုထင်လဲ?"

ယင်ရှမ်အာ က နှုတ်ခမ်းကို ချစ်စဖွယ်စူပုတ်လိုက်ကာ "ဟမ့် ။ နောက်ဆုံးတော့ နင်ငါ့ကို လက်မထပ်ချင်ဘူး မဟုတ်လား?"

ယန်ယဲ့ က သက်ပြင်းချကာ ပြောလိုက်၏။
“မိန်းမပျို ယင်! ငါတို့ရဲ့ ကိုယ်စီရည်မှန်းချက်တွေကြောင့် ငါတို့လက်ထပ်လိုက်ရင် ပျော်မယ်၊ အဆင်ပြေသွားမယ်လို့ ထင်လား။ ဒါ့ပြင် ငါက အိမ်ထောင်ကျပြီးသား။"

"ငါတို့နှစ်ယောက်ရဲ့ဆက်ဆံရေးကို ဖြည်းဖြည်းချင်း မြှင့်တင်နိုင်မယ်လို့ နင့်ကိုပြောတယ်လေ!" ယင်ရှမ်အာက ဆက်ပြော၏။ "နင့်မှာ မိန်းမတွေရှိရင်ကော၊

အဲဒါ ဘာဖြစ်လဲ? ငါ့
တော်ဝင်အဖေမှာတောင်မရေမတွက်နိုင်တဲ့
ဇနီးမယားတွေရှိတယ်။"

ယန်ယွဲ့ က စကားပြန်မပြောနိုင်တော့ပေ။

ခဏကြာမှ
လေးလေးနက်နက်လေသံဖြင့်ပြောလိုက်သည်။
“မိန်းမပျို ယင်! မင်း ငါ့ဆီက
ဘာလိုချင်တာလဲ?"

"ငါ နင့်ရဲ့ကလေးကိုမွေးချင်တယ်!"
ယင်ရှမ်အာက
မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း
ပြောလေသည်။

၅၄၃

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၄၃ –

ကောင်းကင်လှူပ်ခါခြင်းတောင်တန်း

ခဏအကြာတွင် ယင်ရှမ်အာက ပြုံးပြီး
"ကောင်းပြီ၊ ငါနောက်နေတာ။
ပူးပေါင်းဆောင်ရွက်ချင်တယ်ဆိုကတည်းက
ငါတို့ ပူးပေါင်းကြတာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ်
ငါလည်း ကမ္ဘာ့ပေါ်တယ် ကို ရဖို့
ကြိုးစားကြည့်ရမှာပဲ။ ဒါကြောင့် ငါတို့
ပူးပေါင်းရင် အောင်မြင်မှာ သေချာပါတယ်။"

"မင်းကော အဲဒါအတွက် တိုက်ပွဲဝင်မှာလား?"
ယန်ယဲ့ က
အနည်းငယ်အံ့သြသွားကာမေးလိုက်၏။

"ဒါပေါ့!" ယင်ရှမ်အာ က ခေါင်းညိတ်သည် "
လော့ကျန်း ရဲ့လက်ထဲကို ကမ္ဘာ့ပေါ်တယ်
ကျသွားခဲ့ရင် ငါတို့နိုင်ငံကို
ဘယ်လိုပြန်တည်ထောင်နိုင်မလဲ?

သေချာပါတယ်၊ နင်က မဟာချင်အင်ပါယာ
ဒါမှမဟုတ် အမှောင်မှော်သားရဲအင်ပါယာ ကို
သေချာပေါက် ပေးမှာဖြစ်လို့
နင့်လက်ထဲကိုလည်း အရောက်မခံနိုင်ဘူး။
ငါတို့က ကမ္ဘာ့ပေါ်တယ် ပိုင်ရှင်အဖြစ်
အသိအမှတ်ပြုမခံရမချင်း ရန်သူတွေကို
ရင်ဆိုင်လို့ရသေးတယ်။”

"ကောင်းပြီ!"

..........။

နောက်တစ်နေ့။

သူတို့အဖွဲ့သည် ယင်ရှမ်အာ
၏ဦးဆောင်မှုအောက်တွင်
ကောင်းကင်လှုပ်ခါခြင်းတောင်တန်း သို့
ရောက်ရှိလာခဲ့ပါသည်။

ယန်ယဲ့ သည်
ကောင်းကင်လှူပ်ခါခြင်းတောင်တန်းကို
အနီးကပ်မြင်လိုက်ရသောအခါ အလွန်ပင်
အံ့အားသင့်သွား၏။

ငင်းသည် တိမ်တိုက်များထဲသို့
ထိုးဖောက်ဝင်ရောက်လုနီးပါးထိပင်
အလွန်မြင့်မားသည်။

မျက်စိတစ်ဆုံးရှိနေပြီး တောင်တန်း
၏အမြင့်ကို မြင်တွေ့နိုင်ခြင်းမရှိပါ။

ထို့အပြင်
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူ
အသာထားဦး၊
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ပင်လျှင်
ကောင်းကင်လှူပ်ခါခြင်းတောင်တန်းပေါ်သို့
မပျံသန်းနိုင်ပေ။

"နင် အံ့သြသွားလား?"ယင်ရှမ်အာ က
ပြုံးလိုက်သည်။ “ယောက်ျား! နင်က
သန်မာတယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့
ငါ့အကူအညီမပါဘဲ နဲ့
ကောင်းကင်လှူပ်ခါခြင်းတောင်တန်းကို

ဖြတ်ကျော်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ နင်က ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ဖြစ်နေရင်တောင်မှ ဒါမဖြစ်နိုင်သေးဘူး။"

"ဟော့! နင်က ဘာလို့ အရှက်မဲ့နေတာလဲ?" လုကျန်းယောင် က ယင်ရှမ်အာ ကို စိုက်ကြည့်ကာ "သူမှာ မိန်းမရှိနေပြီ၊ ဒါတောင် နင်က သူ့ကို နင့်ရဲ့ယောက်ျားလို့ ခေါ်တုန်းပဲ။" သူမက ယင်ရှမ်အာ နှင့်ပတ်သက်၍ မသိသော်လည်း ယန်ယဲ့ ကို လုံးဝအခေါ်မခံလိုပေ။

သို့သော် သူမတွင် မကျေမနပ်ဖြစ်နေရသည့် အကြောင်းအရင်း အတိအကျမရှိပေ။

ထိုအခြေအနေက အမျိုးသမီးတစ်ဦးအနေဖြင့် သူမ၏ ပင်ကိုယ်စိတ်တစ်ခုတည်းကြောင့်သာ။

မိုချင်းရှယ် ကတော့ ယင်ရှမ်အာ ကို တစ်ချက်သာ ကြည့်လိုက်ပြီး မည်သည့်စကားမှ မပြောဘဲ တိတ်ဆိတ်နေ၏။

ယင်ရှမ်အာ က လုကျန်းယောင် ကို တစ်ချက်ကြည့်လိုက်ပြီး "ငါ့အဖေက ငါ့ကို သူနဲ့

လက်ထပ်ပေးထားလိုက်ပြီဆိုမှတော့ သူက ငါ့ယောက်ျားပဲလေ။

ထိမ်းထားလိုက်ပြီဆိုတော့ သူက ငါ့ခင်ပွန်းပဲ။ တကယ်တော့ အဲဒါ နင်နဲ့ ဘာဆိုင်လဲ? ဩော် ငါသိပြီ။ နင် ငါ့ယောက်ျားကို သဘောကျနေတာလား? ဟိဟိ... ဒါက အဆင်ပြေပါတယ်။ ငါက အရမ်းတော်တဲ့လူမို့ သူသာ နင့်ကို သူ့ရဲ့ကိုယ်လုပ်တော်အဖြစ်ယူရင် ငါကန့်ကွက်စရာမရှိဘူး!”

“နင်....” လုကျန်းယောင် ၏မျက်နှာက
နီမြန်းလာပြီး ဒေါသကြောင့်
သွေးအန်ထွက်လုနီးပါး ဖြစ်နေသည်။

ယန်ယဲ့ က ဤမိန်းမပျိုနှစ်ဦးကြောင့်
အတော်လေးကို ခေါင်းကိုက်နေပါသည်။

အကြောင်းအရင်းကို မသိသော်လည်း
နှစ်ယောက်သား တွေ့ဆုံသည်နှင့် အချင်းချင်း
ယှဉ်ပြိုင်တိုက်ခိုက်နေသည် မဟုတ်သလော။

ယန်ယဲ့ က ခေါင်းကိုခါယမ်းလိုက်ကာ
ယင်ရှမ်အာ ကို ကြည့်ပြီး "မိန်းမပျို ယင်!
ငါ့နှာမည်ကိုပဲ ခေါ်ပါ။"

"ကောင်းပါပြီ ယောက်ျား!" ယင်ရှမ်အာ က ဝမ်းနည်းစွာပြုံးလိုက်ကာ သူမ၏မျက်နှာလှလှလေးပ ဖော်မပြနိုင်လောက်အောင်ပင် ချစ်စရာကောင်းနေလေသည်။

ယန်ယဲ့ က စွံ့အသွားကာ စကားပြန်မပြောနိုင်ပေ။

"အရှက်မရှိလိုက်တာ!" လုကျန်းယောင် က ဒေါသတကြီး အော်ဟစ်လိုက်သည်။

...

"ကောင်းကင်လှုပ်ခါခြင်းတောင်တန်း ။"

“ ကောင်းကင်လှုပ်ခါခြင်းတောင်တန်းက သစ်ပင်မိစ္ဆာမျိုးနွယ် ရဲ့နယ်မြေလေ။ သူတို့က နတ်ဆိုးမျိုးနွယ်ရဲ့ မျိုးနွယ်တစ်ခုပဲ။ ဒါပေမဲ့ သူတို့က တိုက်ခိုက်ရတာကို သဘောမကျလို့ နတ်ဆိုးမျိုးနွယ်ကနေ ထွက်လာပြီး ဒီနေရာမှာ အခြေချနေထိုင်ခဲ့တာ။ ပြီးတော့ သူတို့က လူသားတွေကို အရမ်းမုန်းတီးတယ်။

အရေးကြီးဆုံးကတော့ သူတို့နယ်မြေကို
လူသားတွေရောက်လာတာနဲ့
အမေးအမြန်းမရှိဘဲ ချက်ချင်း တိုက်ခိုက်တယ်။
တောင်တန်းတစ်ခုလုံးမှာ သောင်းနဲ့ချီတဲ့
သစ်ပင်မိစ္ဆာ တွေရှိတယ်။ အဲဒီအထဲမှာ
အနည်းဆုံး နှစ် ၁,၀၀၀ ကျော်လောက်
ရှင်သန်ခဲ့တဲ့ သစ်ပင်မိစ္ဆာတွေ ရာချီရှိတယ်။
သက်တမ်း ၁,၀၀၀ ကျော်တဲ့
သစ်ပင်မိစ္ဆာတွေက လူသား
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေနဲ့
အတူတူပဲ။” ယင်ရှမ်အာ က ရှင်းပြသည်။

"မြင့်မြတ်သောဟန်အင်ပါယာက
သတ်ဖြတ်ခြင်းသံမဏိမိကျောင်းတွေ နဲ့
သစ်ပင်မိစ္ဆာမျိုးနွယ်စုတွေကို ဘာကြောင့်
မသိမ်းပိုက်တာလဲ?" ယန်ယဲ့ က ရုတ်တရက်
မေးလိုက်၏။

"ဘာလို့လဲဆိုတော့ မတန်လို့!" ယင်ရှမ်အာ က
ပြုံးပြီးပြောပါသည်။
"မြင့်မြတ်သောဟန်အင်ပါယာက ဒီလိုမျိုး
ခွန်အားတွေ ပိုင်ဆိုင်ထားပေမဲ့ အဲဒါကို
လုပ်မှာမဟုတ်ဘူး။

နတ်ဆိုးမျိုးနွယ်က လူသားကမ္ဘာကို
တိုက်ခိုက်ဖို့အကြောင်းပြချက်ရှာနေတာလေ။
ဒီတော့ မြင့်မြတ်သောဟန်အင်ပါယာက
ဒီမျိုးနွယ်စုနှစ်ခုကို သိမ်းပိုက်ဖို့ဆိုတာ
လုံးဝမဖြစ်နိုင်ဘူး။ ဒါပေမဲ့ အင်အားသုံးပြီး
မသိမ်းပိုက်ဘူးဆိုရင် အဲဒါက သူတို့ကို
ဆုံးရှုံးမှုကြီးကြီးမားမား ခံစားရမှာ
သေချာတယ်။ ဒါ့အပြင် ဒီမျိုးနွယ်နှစ်ခုကို
ဘယ်လိုအကြောင်းပြချက်နဲ့
တိုက်ခိုက်နိုင်မှာလဲ? ဘယ်လိုပဲဖြစ်ဖြစ် သူတို့က
သူတို့ရဲ့နယ်မြေကို လုံးဝ စွန့်ခွာမှာ မဟုတ်ဘူး။”

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "
သစ်ပင်မိစ္ဆာမျိုးနွယ်က လူသားတွေအပေါ်
ရန်လိုတယ်လို့ မင်းပြောခဲ့တယ်၊ ဒါဆို ငါတို့
ဒီနေရာကို ဘယ်လိုကျော်ဖြတ်မလဲ?"

“ငါက သစ်ပင်မိစ္ဆာမျိုးနွယ် ရဲ့လက်ရှိ ဘိုးဘေး
နဲ့ မိတ်ဆွေကောင်းတွေလေ။ ဒါကြောင့် သူ့ကို
အကူအညီတောင်းနိုင်တယ်။

ဟမ့် ။ ဒါပေမဲ့ နင့်ကို
ငါကြိုပြီးသတိပေးထားမယ်နော်။
ငါ့ယောက်ျား! နင် သူ့ကို မျက်စောင်းထိုးကြည့်ဖို့

ငါခွင့်မပြုနိုင်ဘူး။" ယင်ရှမ်အာ က ချစ်စဖွယ် နှုတ်ခမ်းစူကာ ပြောလေသည်။

ထိုစကားကြောင့် ယန်ယဲ့ ၏မျက်နှာ ရှုံ့မဲ့သွားကာ စကားပင် ပြန်မပြောနိုင်လောက်အောင် ခံစားလိုက်ရသည်။

ခဏအကြာတွင် ယန်ယဲ့ က သူမ၏မိတ်ဆွေကို သဘောမကျ ဟု အာမခံပြီးနောက်မှသာ ယင်ရှမ်အာ က ကျောက်စိမ်းစိမ်းဝါးပုလွေကို ထုတ်ယူလိုက်သည်။

ထို့နောက်တွင် အလွန် ကြည်လင်ပြီး သာယာငြိမ့်ညောင်းသည့် အသံက အဝေးကို ဖြည်းညင်းစွာ လွင့်ပျံ့သွားခဲ့ပါသည်။

၅၄၄

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၄၄ – တောင်တန်းပေါ်သို့ ဝင်ရောက်ခြင်း

သို့သော်လည်း ၁၀ မိနစ်ခန့်ကြာပြီးနောက် တောင်တန်းထိပ်ပိုင်းဆီမှ လှုပ်ရှားမှုရှိမလာခဲ့ပေ။

ယင်ရှမ်အာ က ပုလွေကို ရုတ်သိမ်းလိုက်ပြီး နောက်တစ်ကြိမ် ထပ်မှုတ်လိုက်သော်လည်း နောက်ထပ် ၁၀ မိနစ်ကြာသည့်တိုင်အောင် လှုပ်ရှားမှုမရှိခဲ့ပေ။

"တစ်ခုခုတော့ဖြစ်နိုင်တယ်!" ယင်ရှမ်အာ ၏မျက်နှာတွင် စိုးရိမ်ပူပန်မှုများအပြည့်

ပေါ်လာပြီး နောက်ကိုလှည့်ကာ "ကျင်းရှ!
ပိုင်ရှင်း နဲ့ ပိုင်ကောင်း ကိုခေါ်သွားပြီး
ဘာတွေဖြစ်နေလဲဆိုတာ
စစ်ဆေးကြည့်လိုက်။" အသံတိုးတိုးလေးနဲ့
ပြောလိုက်ပါသည်။

ထိုသုံးဦးသား ခေါင်းညိတ်နာခံကာ
ရှေ့တိုးလာပြီး
ကောင်းကင်လှူပ်ခါခြင်းတောင်တန်းပေါ်သို့
ဖြည်းညှင်းစွာ ထွက်ခွာသွားလေသည်။

ယန်ယဲ့သည် အမှတ်တမဲ့နှင့် တိမ်တိုက်များကို မော့ကြည့်လိုက်ကာ ငွေရောင်လင်းယုန်ကို သတိပြုမိပြီး ချက်ချင်းမျက်မှောင်ကြုတ်သွားခဲ့သည်။

ယင်ရှမ်အာ ကလည်း ယန်ယဲ့ကို ကြည့်ကာ ပြုံးပြပြီး ခေါင်းကိုမော့ကြည့်လိုက်သည်။ "နင်က မြင့်မြတ်သောဟန်အင်ပါယာ ရဲ့ကောင်းကင်သတင်းဌာနအဖွဲ့ဝင်တစ်ယောက် ကိုတောင် ရထားလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး၊ ဒါပေမဲ့ နင့်ရဲ့ စွမ်းအင်တွေကို မဖြုန်းတီးပါနဲ့။

ကောင်းကင်လှူပ်ခါခြင်းတောင်တန်းက
သဘာဝတရားကြီးကနေ ဖွဲ့စည်းထားလို့
အဲဒီလင်းယုန်က
တောင်တန်းပေါ်မှာဖြစ်ပျက်နေတာတွေကို
စောင့်ကြည့်နိုင်မှာမဟုတ်ဘူး။"

"သဘာဝတရားကြီးကနေ
ဖွဲ့စည်းထားတာလား?
ဒါကြောင့်ပဲကိုး။"ယန်ယဲ့က တောင်တန်းပေါ်ကို
စူးစူးစိုက်စိုက်ကြည့်ရင်း "ငါထင်တာမမှားရင်
အဲဒီ့မှာ တစ်ခုခုဖြစ်သွားနိုင်တယ်။

ဘာကြောင့်လဲဆိုတော့
တောင်တန်းရဲ့တစ်ဝိုက်မှာ
စွမ်းအင်အတက်အကျလှိုင်းတွေ
အတော်လေးပြင်းထန်နေတယ်။ ငါတို့ဒီအတိုင်း
ဝင်ရအောင်။"

"ခဏလောက်စောင့်ရအောင်!" ယင်ရှမ်အာ က
ပြောလိုက်သည်။ "ကျင်းရှု နဲ့ တခြားသူတွေကို
စောင့်ရအောင်။ သစ်ပင်မိစ္ဆာမျိုးနွယ် မှာ
ဘာမှမဖြစ်သေးဘဲနဲ့ ငါတို့က
တန်းပြီးဝင်သွားရင်
ကျိန်းသေတိုက်ခိုက်ခံရလိမ့်မယ်။"

ယန်ယဲ့ က ခေါင်းညိတ်ပြီး "ကောင်းပြီ!"

တစ်နာရီအကြာတွင် ကျင်းရှု၊ ပိုင်ရှင်း နှင့် ပိုင်ကောင်း တို့ ပြန်ရောက်လာ၏။ သို့ရာတွင် ပိုင်ရှင်း နှင့် ပိုင်ကောင်း တို့နှစ်ဦးလုံး ဒဏ်ရာကိုယ်စီရလာကြသည်။

"ဘာဖြစ်သွားတာလဲ?" ယင်ရှွမ်အာ က ထိတ်ခနဲဖြစ်သွားပြီး တိုးညှင်းသော အသံဖြင့် မေးလိုက်၏။

"မင်းသမီး၊ အဲဒီ အရိုင်းအစိုင်းတွေက အချင်းချင်း သတ်ဖြတ်နေကြတာ!" ကျင်းရှု က သက်ပြင်းချက်ကာ “ငါတို့ ဝင်သွားတဲ့အခါ အလောင်းအတော်များများရှိနေတာကို သတိပြုမိခဲ့တယ်။

ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို အဖြေရှာနိုင်ဖို့ ဆက်လက်ရှာဖွေနေခဲ့တာ။ နောက်ဆုံးကျတော့ သစ်ပင်မိစ္ဆာမျိုးနွယ် ရဲ့အဖွဲ့ဝင်တွေအားလုံးက အချင်းချင်းသတ်ဖြတ်နေတာကိုပဲသတိပြုမိခဲ့ တယ်။

အဲဒီကနေ ပြန်ထွက်မဲ့အချိန်မှာ သူတို့က ငါတို့သုံးယောက်ကို သတိထားမိသွားလို့ တိုက်ခိုက်ခံရတာ။ ကံကောင်းသွားလို့ ငါတို့အပြေးမြန်လို့ပဲ။

မဟုတ်ရင် ငါတို့အဲဒီမှာ အဝိုင်းခံရမှာသေချာတယ်!"

"အချင်းချင်းသတ်နေကြတာလား?" ယန်ယဲ့က ထိုစကားကို ရေရွတ်လိုက်ရင်း ယင်ရှမ်အာ ကို စိုက်ကြည့်နေသည်။

ယင်ရှမ်အာ က နားမလည်နိုင်စွာဖြင့် "သူတို့က မျိုးနွယ်ထဲမှာ အာဏာရဖို့ တိုက်ခိုက်နေတာဖြစ်မယ်။ ဟမ်! ဒါဆို ရှူရှင်း က အန္တရာယ်ရှိနေပြီ ။ ငါတို့ အမြန်သွားရအောင်!"

"မင်းသမီး!" ထိုအချိန်တွင် ကျင်းရှ က စိုးရိမ်တကြီးပြောလိုက်သည်။ “ငါတို့ အဲဒီကို ဝင်လို့မရဘူး။ငါတို့ အဲဒီကို ဝင်သွားတာနဲ့ သေချာပေါက် ဝိုင်းပြီး အသတ်ခံရမှာ သေချာတယ်။

သူတို့က အခုအချိန်မှာ လူသားတွေကို
ရန်လိုနေတဲ့အပြင်
ငါတို့နတ်ဆိုးမျိုးနွယ်တွေကိုပါ
အတော်လေးရန်လိုနေတယ်။
ငါတို့က တခြားနည်းလမ်းကိုပဲ
စဉ်းစားရအောင်။ မဟုတ်ရင်
ဒီခွန်အားလောက်နဲ့
တောင်တန်းပေါ်တက်သွားရင် သေချာပေါက်
အသတ်ခံရမှာပဲ။"

ယင်ရှမ်အာ က ခဏတာ ငြိမ်သွားပြီး "အခု
ငါတို့ တပ်ဖွဲ့တွေကို ဆင့်ခေါ်လိုက်ရင်

လက်တွေ့မကျဘူး။ယောက်ျား! နင့်မှာ
အကြံဉာဏ်တွေ ရှိသေးလား?"
ထိုစကားပြောလိုက်ရင်း ယန်ယဲ့ ဖက်ကို
လှည့်ကြည့်လာသည်။

ယန်ယဲ့ က သူမ၏အပြောကို ဂရုမစိုက်ဘဲ
"သစ်ပင်မိစ္ဆာမျိုးနွယ် ထဲက မင်းမိတ်ဆွေရဲ့
အခြေအနေ ဘယ်လိုရှိလဲ?"

"ဒုတိယမျိုးဆက် ဘိုးဘေး!" ယင်ရှမ်အာ က
ယန်ယဲ့ ၏အမေးကို ပြန်ဖြေရင်း တစ်ခုခုကို
တွေးနေပုံရပြီး သူမ၏အမူအရာက

ချက်ချင်းပင် ပြောင်းသွားသည်။

“ဘာဖြစ်သွားပြီလဲဆိုတာ ငါသိပြီ။ ရှုရှင်း

ရဲ့အဖွားက သေဆုံးသွားတာမကြာသေးဘူး။

တခြားအဖွဲ့ဝင်တွေက သူမရဲ့

အရည်အချင်းကိုမယုံကြည်လို့

ပုံကန်တာပဲဖြစ်ရမယ်။

သွားမယ်....။

ငါတို့ တတ်နိုင်သမျှ မြန်မြန်ဝင်ရမယ်။

မဟုတ်ရင် သူမက အန္တရာယ်ရှိလိမ့်မယ်!”

ယန်ယဲ့ က "မိန်းမပျို ယင်! ငါတို့ အဲဒီကို ရောက်တာနဲ့ မင်းရဲ့မိတ်ဆွေ ရှုရှင်းကိုပဲ ခေါ်ထုတ်ရအောင်။ ဒီလိုဆို ငါတို့နှစ်ဖက်လုံးက တိုက်ပွဲဖြစ်မှာကို သေချာပေါက်ရှောင်နိုင်တယ် ။”

"ငါတို့ ဒီအတိုင်းပဲသွားမှာလား?" ကျင်းရှု က ယန်ယဲ့ကို စိုက်ကြည့်နေရင်း ပြောလေသည်။

ယန်ယဲ့ က ပြန်စိုက်ကြည့်ကာ "မင်းပြောကြည့် ။ ဒီလိုမလုပ်ဘူးဆိုရင် တခြားနည်းလမ်းရှိလား?"

“ငါ....” ကျင်းရှ က ယန်ယဲ့ ၏အမေးကြောင့် စကားမပြောနိုင်ပေ။

၅၄၅

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၄၅ – သစ်ပင်မိစ္ဆာမျိုးနွယ်ထဲမှ ပဋိပက္ခများ

ထို့နောက် ယန်ယဲ့ က ရုတ်တရက် မေးလိုက်၏။
"ဒါနဲ့ သူတို့တွေက မီးကိုကြောက်တာလား?"

ယင်ရှမ်အာ က အံ့အားသင့်သွားပြီး သူမက
"အဲဒါက သဘာဝပဲလေ။ မီး နဲ့ သစ်သားက
သဘာဝရန်သူတွေမို့လို့ သူတို့က  မီးကို
အကြောက်ဆုံးပဲ။ ဒါပေမဲ့ ....”

ထိုစကားကို ပြောနေရင်း ယင်ရှမ်အာ က
မိုချင်းရှယ် ကို တစ်ချက်ကြည့်လိုက်သည်။
ယန်ယဲ့သည် ထိုအမျိုးသမီးကြောင့်သာ သူ၏
ကိုယ်ပိုင်အထောက်အထားကို

ဖုံးကွယ်ထားကြောင်း သူမလည်း
ကောင်းစွာသိထား၏။

အကယ်၍ ယန်ယဲ့ ပိုင်ဆိုင်ထားသည့်
ငရဲတစ္ဆေမီးတောက် ကိုထုတ်ဖော်လိုက်လျှင်
သူ၏ကိုယ်ပိုင်အဆင့်အတန်းကို
ထုတ်ဖော်ပြသလိုက်သည်နှင့်အတူတူပင်။

ယင်ရှမ်အာ ၏ဆိုလိုရင်းကို
သတိပြုမိသောအခါ မိုချင်းရှယ် ၏မျက်ခုံးများ
လှုပ်ယမ်းသွားသည်။

ထို့နောက် သူမက နှုတ်ဆိတ်နေလိုက်ကာ ယန်ယဲ့ ကို စိုက်ကြည့်ရင်း စိတ်ထဲတွင် အတော်လေး တုန်လှုပ်သွား၏။

ယန်ယဲ့ က မိုချင်းရှယ် ကို တစ်ချက်ကြည့်လိုက်ပြီးနောက် ပြုံးလိုက်ကာ "ဒါက အဆင်ပြေပါတယ်။ ငါတို့ ရှေ့ဆက်သွားရအောင်။"

...

ကောင်းကင်လှူပ်ခါခြင်းတောင်တန်း
ဟုခေါ်သော်လည်း ၎င်းကို
ကောင်းကင်လှူပ်ခါခြင်းသစ်တောဟုပင်
ခေါ် နိုင်လေသည်။

အကြောင်းမှာ တောင်တန်းတစ်ခုလုံး
ထူထပ်သည့် သစ်ပင်ကြီးများနှင့်
သစ်တောဖုံးလွှမ်းထားသောကြောင့်ပင်။

သူတို့အဖွဲ့ သစ်တော်ကြီးထဲသို့
ဝင်ရောက်လာသောအခါတွင်
အနည်းငယ်ရိုင်းစိုင်းသော

သစ်ကင်အုပ်စုတစ်စုက ချက်ချင်း
ဝိုင်းရံလာကြသည်။

သို့ရာတွင် အဆိုပါ သစ်ပင်လူသားများက
အားကောင်းခြင်းမရှိပေ။

လူသား
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူများ
နှင့်သာ ယှဉ်နိုင်၏။

"မင်းတို့အားလုံး ဘယ်သူတွေလဲ? မင်းတို့က
ငါ့ရဲ့သစ်ပင်မိစ္ဆာမျိုးနွယ် နယ်မြေထဲကို
ဘယ်လိုကျူးကျော်ရဲတာလဲ?"
လူမျက်နှာရှိသောသစ်ပင်ကြီးက

ရှေ့ထွက်လာကာ
အေးစက်စက်ပြောလိုက်သည်။

ယန်ယွဲ့ သည် ထိုသစ်ပင်ကြီးကို ဂရုမစိုက်ဘဲ
ယင်ရှမ်အာ ကို လှည့်ကြည့်ကာ "မင်းရဲ့မိတ်ဆွေ
ဘယ်မှာရှိနေလဲဆိုတာတော့
မင်းသိတယ်မဟုတ်လား?"

ယင်ရှမ်အာ က ခေါင်းညိတ်လိုက်သည်။
“သူမက တောင်ထိပ်ပေါ်က
သစ်ပင်မိစ္ဆာနန်းတော်မှာ ရှိသင့်တယ်။
အဲဒီနေရာက သစ်ပင်မိစ္ဆာမျိုးနွယ်

ရဲ့ဘိုးဘေးတွေ နေထိုင်တဲ့နေရာဖြစ်တဲ့အပြင် တောင်ထိပ်တစ်ခုလုံးမှာအစောင့်အကြပ်အများ ဆုံးနေရာတစ်ခုပဲ။"

"မင်းဘယ်သူပဲဖြစ်ဖြစ်၊ ကျေးဇူးပြုပြီး ငါတို့ သစ်ပင်မိစ္ဆာမျိုးနွယ် ရဲ့နယ်မြေက အခုချက်ချင်း ထွက်သွားပါ၊ မဟုတ်ရင် ငါတို့ကို မညှာတာလို့ အပြစ်မတင်နဲ့!" ရှေ့ကနေ ဦးဆောင်သည့် သစ်ပင်ကြီးက ထပ်မံ၍ အော်ဟစ်လေသည်။

"နင်တို့ သစ်ပင်မိစ္ဆာမျိုးနွယ်ထဲမှာ ဘာတွေဖြစ်ခဲ့တာလဲ။ နင်တို့ရဲ့ ဒုတိယမျိုးဆက်ဘိုးဘေး အဆင်ပြေရဲ့လား?" ယင်ရှမ်အာ က ရှေ့တိုးကာ အဓိကအချက်ကိုပဲမေးလိုက်ပါသည်။

“မင်း....” ဦးဆောင်သူ သစ်ပင်ကြီး အံ့သြပြီး ဒေါသသံဖြင့် ပြောလိုက်သည်။ "မင်းက ဘယ်သူလဲ ?အတိအကျပြောစမ်း!"

ယန်ယဲ့ က ယင်ရှမ်အာ ကို ပြောသည်။"မိန်းမပျို ယင်! ဘာလို့ သူတို့ကို

အသက်ရှူချိန်ပေးနေတာလဲ? ငါတို့က သူတို့အားလုံးကို ဖမ်းလိုက်ရုံနဲ့ သူတို့က ငါတို့သိချင်ကို ကောင်းကောင်းရှင်းပြပေးလိမ့်မယ်။”

ယင်ရှမ်အာ က ခေါင်းညိတ်ပြပြီးနောက်တွင် ကျင်းရှ၊ ပိုင်ရှင်း နှင့် ပိုင်ကောင်း က သစ်ပင်လူသားများထံသို့ လျှပ်တစ်ပြက်ခုန်ဝင်သွားကြ၏။

ခဏအကြာတွင်တော့ သစ်ပင်လူသားများအားလုံး မြေပြင်ပေါ်သို့ တဖုတ်ဖုတ် လဲကျသွားသည်။

ယန်ယဲ့က အကြီးဆုံး သစ်ပင်လူသားထံသို့ လျှောက်သွားခဲ့ပြီး သေလုနီးပါးဖြစ်နေသည့် သစ်ပင်လူသားအားလုံးကို စိုက်ကြည့်ရင်း စကားအနည်းငယ်စလိုက်သည်။

ကျင်းရှု က ၎င်းတို့အားလုံး ကို ပြင်းပြင်းထန်ထန် ရိုက်နှက်ခဲ့ပြီး ၎င်းတို့၏အသက်စွမ်းအင်ကို ကုန်ဆုံးလုနီးပါး ဖြစ်သွားသည်။

"မင်းတို့မျိုးနွယ်ထဲမှာ ဘာတွေ ဖြစ်ခဲ့ တာ လဲ?"

ယန်ယဲ့ က အကြီးဆုံး သစ်ပင်လူသားကို မေးလိုက်သည်။

ထို သစ်ပင်လူသားက ယန်ယဲ့ ကို ဒေါသတကြီးသာစိုက်ကြည့်လိုက်ပြီး မည်သည့်စကားမှ ပြန်မပြောပေ။

"ဒါဆို မင်းကိုယ်တိုင် ခံစားချင်လား?" ယန်ယဲ့ က ခေါင်းယမ်းပြီး လက်ညှိုးကို ပွတ်သပ်လိုက်ရာ သူ့လက်ထဲတွင် မီးတောက်တစ်ခု ပေါ်လာသည်။

အဖြူရောင်မီးတောက်ငယ်လေး ပေါ်လာသောအခါတွင် ထိုသစ်ပင်လူသား

၏မျက်လုံးများက ကျဉ်းမြောင်းသွားပြီး
ကြောက်ရွံ့နေသည့် အရိပ်အယောင်များ
ပေါ်လာသည်။

ဤနေရာမှ လူတိုင်းပင်လျှင် ယန်ယဲ့
၏လက်ထဲမှ မီးတောက်ငယ် ကိုကြည့်၍
မျက်နှာများတွင်ကြောက်လန့်မှုများ
ရှိနေကြသည်။

၎င်းတို့၏ ခန္ဓာကိုယ်များက ထိုမီးတောက်နှင့်
ထိတွေ့ရမည်ကို အလွန်ကြောက်ရွံ့နေသကဲ့သို့
အဆက်မပြတ် တုန်ခါနေကြသည်။

မိုချင်းရှယ် ၏မျက်ခွံများ
တဆတ်ဆတ်လှုပ်ယမ်းသွားပြီးနောက် ယန်ယဲ့
ကို စိုက်ကြည့်ကာ တိတ်ဆိတ်နေခဲ့သည်။

ယန်ယဲ့သည် အဖြူရောင်မီးတောက်ငယ်
ကိုလည်ညှိုးထိပ်တွင် ပွတ်သပ်ကစားနေရင်း
တစ်ချက်ပြုံးလိုက်သည်။ "ကြည့်ရတာ မင်းက
မီးကို အရမ်းကြောက်နေပုံရတယ်။ ကောင်းပြီ၊
ငါသိတာကိုပြောပြရင် မင်းကို
လွှတ်လိုက်မယ်။"

“မင်း... ငါ....” သစ်ပင်လူသားကြီးက ခေါင်းမာချင်သည့် အမူအရာ ထွက်ပေါ်လာသော်ငြား ယန်ယဲ့ ၏လက်ထဲမှ ငရဲတစ္ဆေမီးတောက် က သူ့အနားကို ရောက်လာသဖြင့် ချက်ချင်းပင် တုန်လှုပ်သွားသည်။

မကြာခင်မှာပဲ၊ လူတိုင်း တောင်ထိပ်ပေါ်တွင် ဖြစ်ပျက်နေသမျှ အရာများကို သိလိုက်ရလေသည်။

ယင်ရှမ်အာ ခန့်မှန်းထားသည့်အတိုင်းပင်၊ သစ်ပင်မိစ္ဆာမျိုးနွယ်ထဲတွင် အမှန်တကယ် ပုန်ကန်မှု ဖြစ်ပွားခဲ့သည်။

၎င်းသည် သစ်ပင်မိစ္ဆာမျိုးနွယ် ၏ခေါင်းဆောင်၊ တစ်နည်းဆိုရသော် ဒုတိယမျိုးဆက်ဘိုးဘေး နေရာကိုဆက်ခံခဲ့သည့် ကွယ်လွန်သူဘိုးဘေး ၏မြေးနှင့်ပတ်သက်နေခဲ့သည်။

ဒုတိယမျိုးဆက်ဘိုးဘေး ဖြစ်သည့် ယင်ရှမ်အာ ၏မိတ်ဆွေ ရှုရှင်း က အတော်လေး အားနည်းနေခြင်းကြောင့်ပါ။

သူမ၏ ခွန်အားက လူသား
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူ
နှင့်သာ ယှဉ်နိုင်ပေသည်။

ထို့ကြောင့် သစ်ပင်မိစ္ဆာမျိုးနွယ် ၏အဖွဲ့ဝင်များ
အားလုံးနီးပါးက ချီးမြှောက်ခြင်းနယ်ပယ် ၁၀၀
ကျော်ပိုင်ဆိုင်ထားသည့် သစ်ပင်မိစ္ဆာမျိုးနွယ်
ကို
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူအား
အုပ်ချုပ်ခွင့် မပြုနိုင်သည်မှာ သဘာဝပင်။

ဒုတိယမျိုးဆက်ဘိုးဘေး ရှုရှင်းကို
လက်မခံသည့်သစ်ပင်မိစ္ဆာအဖွဲ့ဝင်များက
ပုန်ကန်ထကြွခဲ့ကြခြင်းပင်။

ကံကောင်းစွာဖြင့် ကွယ်လွန်သူဘိုးဘေး က
မသေဆုံးခင် ကြိုတင်ပြင်ဆင်မှုအချို့
ပြုလုပ်ထားသောကြောင့် အဖွဲ့ဝင်အချို့က
ရှုရှင်း ဖက်တွင် ရပ်နေခဲ့သည်။

သို့သော် အရေအတွက်က
အနည်းငယ်သာရှိ၏။

ထို့အပြင် ထိုသစ်ပင်လူသား
၏စကားအရဆိုလျှင် ပုန်ကန်မှုက
အောင်မြင်သွားပြီဖြစ်သည်။

"ငါတို့ သူ့ကို သွားကယ်ရမယ်!" ယင်ရှမ်အာ က တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

"ဘာကြောင့်လဲ?" ယန်ယဲ့ က နားမလည်စွာမေးသည်။

“ပထမအချက် သူမက ငါ့ရဲ့ အချစ်ဆုံးမိတ်ဆွေပဲ။ ဒုတိယအချက်နေနဲ့ သူမက သစ်ပင်မိစ္ဆာမျိုးနွယ် ရဲ့ ဘိုးဘေးမဟုတ်ရင် ငါတို့က ကောင်းကင်လှူပ်ခါခြင်းတောင်တန်း ကို

လုံးဝဖြတ်ကျော်နိုင်မှာ မဟုတ်ဘူး၊
နောက်ပြန်လှည့်ဖို့ကလွဲပြီး
ရွေးချယ်စရာမရှိနိုင်ဘူး!” ယင်ရှမ်အာ က
ယန်ယဲ့ ကို ကြည့်ကာ ပြောလိုက်၏။

ယန်ယဲ့ က သက်ပြင်းချကာ "ကြည့်ရတာ
ငါတို့မှာ တခြားရွေးချယ်စရာ
မရှိတော့ဘူးထင်တယ်!"

၅၄၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၄၆ – သစ်စိမ်းဝိညာဉ်

"ငါတို့သတိထားရမယ်!" တစ်ချိန်တည်းတွင် ယင်ရှမ်အာ က  "အဲဒီ သစ်ပင်မိစ္ဆာ ၅ ယောက်က အနည်းဆုံး အဆင့် ၅ ချီးမြှောက်ခြင်းနယ်ပယ် မှာရှိနေတယ်။ သူတို့က ငရဲတစ္ဆေမီးတောက်ကို ကြောက်ရွံ့နိုင်ပေမဲ့ တကယ်တော့ အဲဒါကို သိပ်ပြီး ထိတ်လန့်တေမယ်မထင်ဘူး။ ဒါ့ပြင် ဒါက သူတို့နယ်မြေလေ။ တကယ်လို့ သူတို့သာ

တစ်ခုခုကို အရင်းအနှီးပေးပြီး
တိုက်ခိုက်မယ်ဆိုရင် ငါတို့အားလုံး
သေနိုင်တယ်။"

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး “ငါသိပါတယ်။
သွားရအောင်။ ကံမကောင်းစွာပဲ
မင်းမိတ်ဆွေရဲ့ဒူကွခက
သိပ်ပြီးကြီးကြီးမားမားမဟုတ်ဘူးလို့
ငါမျှော်လင့်တယ်။"

"နင် သူ့ကို ကယ်တင်ပြီးတာနဲ့ နင့်ကို
ပြန်ဆပ်ခိုင်းမှာ မဟုတ်လား?" ယင်ရှမ်အာ က

မျက်တောင်ပုတ်ခတ်လုပ်ရင်းနှင့်
ပြောလိုက်ပါသည်။

"ငါမိန်းမတွေကို အရမ်းမက်မောတဲ့သူလား?"
ယန်ယဲ့ က သူမကို စိုက်ကြည့်ကာ
မကျေမနပ်ဖြင့် ပြောသည်။

"ဟမ့် ။ နင် မဟုတ်ဘူးလား?" ယင်ရှမ်အာ က
မေးခွန်းတစ်ခုနဲ့သာ ပြန်ဖြေလေသည်။

သူမ၏ အပြုအမူကြောင့် ယန်ယဲ့ လည်း
စကားပင်ပြန်မပြောနိုင်လောက်အောင်
ခံစားလိုက်ရလေသည်။

ကောင်းကင်လှူပ်ခါခြင်းတောင်ထိပ် ။

အလွန်ကြီးမားသော
နန်းတော်ကြီးတစ်ခုရှိနေ၏။

နန်းတော်ထဲတွင်မူ သစ်ပင်မိစ္ဆာမျိုးနွယ်
နှစ်ခုထိပ်တိုက်ရင်ဆိုင်နေကြသည်။

"ရှုရှင်း! ငါ့ကိုလက်ထပ်ပါ။ ငါ ဘုရင်ဖြစ်လာရင် မင်းက သစ်ပင်မိစ္ဆာမျိုးနွယ် ရဲ့မိဖုရား ဖြစ်လာလိမ့်မယ်။ ပြီးတော့ ငါတို့နှစ်ယောက် သစ်ပင်မိစ္ဆာမျိုးနွယ်စုကို အတူတူ အုပ်စိုးမယ်။ အဆင်ပြေလား?" လူငယ်လေးတစ်ဦးက ခပ်လှမ်းလှမ်းမှ အစောင့်အကြပ်အချို့၏ အလယ်ရှိ အမျိုးသမီးငယ်တစ်ဦးဆီသို့ နူးညံ့သိမ်မွေ့သောလေသံဖြင့် ပြောလိုက်သည်။

ရှုရှင်း ဟု ခေါ်သည့် အမျိုးသမီးငယ်က ယန်ယဲ့ ထင်ထားသလို
လူသားတစ်ပိုင်းသစ်ပင်တစ်ပိုင်းမဟုတ်ခဲ့ဘဲ

ပြီးပြည့်စုံသောလူသားမိန်းမပျိုလေးတစ်ဦးဖြစ်နေပါသည်။

"ချန်းမူ! နင်က တကယ် ပုန်ကန်ချင်နေတာပဲ" လူလတ်ပိုင်းအမျိုးသမီးတစ်ဦးက ရှုရှင်း၏ဘေးတွင် ရပ်ကာ အော်ပြောလိုက်သည်။ "ဘိုးဘေးက ကွယ်လွန်သွားပေမဲ့ နင့်ရဲ့ ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်က ဒုတိယမျိုးဆက်ဘိုးဘေး နေရာဖယ်ပေးဖို့ကြိုးစားနေတယ်။ နင်တို့

မျိုးနွယ် ရဲ့မျိုးဆက် ၉ ဆက်တိုင်
သေဒဏ်ကျခံရမှာကို မကြောက်ဘူးလား?"

ချန်းမူ ဟုအခေါ် ခံရသည့် အမျိုးသားက
လူလတ်ပိုင်းအဘွားအိုကို အေးစက်စွာ
ကြည့်လိုက်သည်။

ဤအဘွားအိုကြောင့်သာမဟုတ်လျှင် သူက
ရှုရှင်း နှင့် သစ်ပင်မိစ္ဆာမျိုးနွယ်
၏ဘိုးဘေးနေရာကို
သိမ်းယူပြီးနေလောက်ပြီဖြစ်သည်။

ထိုအချိန်တွင် ချန်းမူ ဖက်မှ လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးကလည်း "ရှုဂျင်း! ရှုရှင်းက အခုမှ ဝိညာဉ်နယ်ပယ်အလွှာအဆင့် ထဲကိုရောက်နေပေမဲ့ သူမအတွက် ချီးမြှောက်ခြင်းနယ်ပယ် ကိုဝင်ရောက်ဖို့ အနည်းဆုံး နှစ် ၁၀၀ လောက် အချိန်ယူရဦးမယ်။

ဒါပေမဲ့ ငါတို့ ချန်းမူ က ဝိညာဉ်နယ်ပယ်အလွှာအဆင့်အထွတ်အထိပ် ကိုရောက်နေပြီ။ သူက ချီးမြှောက်ခြင်းနယ်ပယ် ကိုတက်လှမ်းဖို့

သစ်သားစိမ်းဝိညာဉ်ကိုလိုအပ်နေတယ်။
ဒီတော့ အခုအချိန်ကစလို့ နောက်ထပ် နှစ် ၁၀၀
အတွင်းမှာ သိုင်းကေရာဇ် အဆင့်ကို
သေချာပေါက်ရနိုင်တယ်။ ဒါကြောင့် သူက
ငါတို့ သစ်ပင်မိစ္ဆာမျိုးနွယ် ရဲ့ဘိုးဘေးဖြစ်ဖို့
ပိုပြီးသင့်တော်တယ်။"

"သစ်စိမ်းဝိညာဉ်?" ရှုဂျင်း က အေးစက်စွာ
ရယ်မောပြီး "ချန်းတန်! ဒါ နင့်ရဲ့
ရည်ရွယ်ချက်အမှန်ပဲ မဟုတ်လား? ချန်းတန်၊
နင့်လုပ်ရပ်က ငါတို့ရဲ့ ကွယ်လွန်သူဘိုးဘေး ကို
ရင်ဆိုင်ရမှာ မရှက်ဘူးလား? သူမ

အသက်ရှင်နေတဲ့အချိန်တုန်းက နင့်ရဲ့
ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ် ကို
မတရားသဖြင့်ဆက်ဆံဖူးလို့လား?"

"ရှုဂျင်း! ငါတို့ အခု မင်းနဲ့ ညှိနှိုင်းနေတယ်ဆိုတာ
မင်းသဘောပေါက်သင့်တယ်။ ငါတို့က မင်းကို
ကြောက်မနေဘူးနော်။

သစ်ပင်မိစ္ဆာမျိုးနွယ် ရဲ့ ၇၀
ရာခိုင်နှုန်းလောက်က ငါတို့
ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်ဖက်မှာရှိနေတယ်။
ငါတို့ မင်းနဲ့ ညှိနှိုင်းပြီး ချန်းမူ ကို ရှုရှင်း
နဲ့လက်ထပ်ခွင့်ပေးလိုက်တာက

သစ်ပင်မိစ္ဆာမျိုးနွယ် ရဲ့အင်အားကို
လျော့နည်းမသွားအောင်လို့ပဲ။
 ဒါပေမယ့် မင်းက အများတွေကို
ဆက်ပြီးသဘောပေါက်ဖို့
ငြင်းဆန်နေတယ်ဆိုရင်
ငါ့ရဲ့ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်ကို
ရက်စက်တယ်ဆိုပြီး အပြစ်မတင်နဲ့။" ချန်းတန်
က အေးစက်သောလေသံဖြင့် ပြောသည်။

"ဦးလေး ချန်း! နင့်ရဲ့
ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်က ဒီလိုမျိုး
ဆိုးဆိုးရွားရွားအခြေအနေမှာ ဘိုးဘေးနေရာကို

တကယ်လိုချင်နေတာလား?" ထိုအချိန်တွင် ရှုရှင်းဟု ခေါ်သည့် အမျိုးသမီးငယ်က ရုတ်တရက်ပြောလာသည်။

တစ်ဆက်တည်း သူမက "ကောင်းပြီ၊ တကယ်လို့ ဘိုးဘေးနေရာကို လိုချင်နေရင် ငါ နင်တို့အားလုံးကို ပေးနိုင်တယ်!"

ရှုဂျင်း က တစ်ခုခုဝင်ပြောရန် ပြင်လိုက်စဉ်မှာပဲ ချန်းတန် က ဝမ်းသာအားရ မေးလေသည်။"ဒါ တကယ်ပဲလား?"

ရှုရှင်းက လက်ကိုဝှေ့ယမ်းကာ
သက်လတ်ပိုင်းအဘွားအို ရှုဂျင်းကို
တားလိုက်ပြီး "ဒါပေမယ့် ငါ့မှာ
အခြေအနေတစ်ခုရှိတယ်၊ ငါ့နောက်လိုက်ဖို့
ရွေးချယ်ထားတဲ့ ဒီအဖွဲ့ဝင်တွေက ငါနဲ့
ထွက်သွားခွင့်ရရမယ်။"

ချန်းတန် က ၎င်းတို့ကို တစ်ချက်ကြည့်လိုက်ပြီး
"ငါသဘောတူပါတယ်၊ ဒါပေမယ့် ငါ့မှာလည်း
အခြေအနေတစ်ခုရှိတယ်။ မင်းက
သစ်စိမ်းဝိညာဉ်ကို ချန်ထားခဲ့ရမယ်!"

"အဲဒါဆို မေးစရာ မလိုဘူး!" ရှုရှင်း က ချက်ချင်းပင်ငြင်းပယ်လိုက်၏။ "ဒါက ငါ့ သစ်သားစိမ်းကလန် (သစ်စိမ်းမိစ္ဆာမျိုးနွယ်)ရဲ့ ရတနာတစ်ခုပဲ၊ ပြီးတော့ အဲဒါက အပြင်လူရဲ့လက်ထဲကို လုံးဝကျလို့မရဘူး။"

"အဲလိုဖြစ်နေလို့၊ ငါ့ရဲ့ ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ် ကို အပြစ်မတင်နဲ့!" ချန်းတန် ၏မျက်လုံးထဲတွင် မှုန်ကုပ်ကုပ်ဖြစ်သွားလေသည်။

ရှုရှင်း က သူမ၏လက်ဝါးကိုလှန်လိုက်ရာ အစိမ်းရောင်ပုလဲလုံးတစ်လုံး သူမ၏ပါးစပ်ထဲမှ လက်ပေါ်သို့ လွင့်ထွက်လာသည်။

သူမက စိမ်းပြာရောင်ပုလဲလုံးကို စိုက်ကြည့်ရင်း "ဒီ သစ်စိမ်းဝိညာဉ်က ငါ့ဘိုးဘေးရဲ့ အနှစ်သာရကနေ ပေါင်းစပ်ထားတာလေ။ အဲဒါက ငါ့သစ်စိမ်းမျိုးနွယ်ထဲက အမွေဆက်ခံထားတဲ့ ရတနာတစ်ခုပဲ။ ငါရှုရှင်းက ဒါကို အပြင်လူရဲ့လက်ထဲ ရောက်သွားစေရင် သစ်သားစိမ်းကလန် ရဲ့ အပြစ်သားဖြစ်သွားလိမ့်မယ်။ ဒီတော့ နင့်ရဲ့ ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်က အင်အားသုံးဖို့

ကြံနေတယ်ဆိုရင်တောင် အဲဒါကို
ဖျက်ဆီးဖို့ကလွဲပြီး ငါရွေးချယ်စရာ
မရှိတော့ဘူးလေ။"

ချန်းတန် ၏အမူအရာက
ပြောင်းလဲသွားသော်လည်း ချက်ချင်းပင်
လျှောင်ပြောင်ရယ်မောလိုက်သည်။ "ရှူရှင်း!
ငါက လူမိုက်လို့ မင်းထင်နေတာလား?
သစ်စိမ်းဝိညာဉ်က သူတော်စင်တစ်ပိုင်းအဆင့်
ရဲ့ အနှစ်သာရနဲ့ပေါင်းစပ်ထားလို့ အဲဒါကို
ဖျက်ဆီးနိုင်မှာလား? ကောင်းပြီ၊ ငါတို့ရဲ့
စွမ်းအင်တွေကို မဖြုန်းတီးတော့ဘူး။

ငါမင်းကိုနောက်ဆုံးအခွင့်အရေးတစ်ခုပေးမယ်။ အဲဒါကို ချန်ထားခဲ့လိုက်ပါ၊ မင်းတို့အားလုံးကို ငါ ထွက်သွားခွင့်ပြုမယ်၊ မဟုတ်ရင် ငါ့ရဲ့ ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်က မင်းရဲ့ သစ်စိမ်းမိစ္ဆာမျိုးနွယ်ကို ဒီနေ့ ဖျက်ဆီးပစ်မယ်။"

ထိုစကားပြောပြီးသည်နှင့် ချန်းတန်၏နောက်ကွယ်တွင် အမြင့် ၁၅၀ မီတာကျော်ရှိ သစ်ပင်မိစ္ဆာ ၁၀ ဦး ပေါ်လာလေသည်။

ရှုရှင်း နှင့် ရှုဂျင်း တို့၏ အမှုအရာများကို ချက်ချင်းပင် ပြောင်းလဲသွားပါတော့သည်။

အကြောင်းမှာ ထိုသစ်ပင်လှူသား အားလုံးက ချီးမြှောက်ခြင်းနယ်ပယ်အဆင့် သစ်ပင်မိစ္ဆာများဖြစ်နေခြင်းကြောင့်ပါ။

တစ်နည်းဆိုရလျှင် ချန်းတန် ဖက်တွင် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၁၀ ဦး ရှိနေ၏။

သို့သော်လည်း ၎င်းတို့ဖက်တွင်မူ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၄ ဦးသာ ရှိခဲ့သည်။

နှစ်ဖက်ကြားမှ အင်အားကွာဟချက်က အလွန်ပင်ကြီးမားလှ၏။

"ရှုရှင်း၊ နင်က ရှုယွမ်နဲ့ တခြားသူတွေကိုခေါ် ပြီး အရင်ထွက်သွားပါ။ နင့်ရဲ့ဦးလေး ရှုချင် နဲ့ ငါက သူတို့ကို တားထားလိုက်မယ်။ ဒီလိုအချိန်မျိုးမှာ ခေါင်းမာမနေနဲ့တော့။ နင် အသက်ရှင်နေရင် သစ်သားစိမ်းကလန် က မျှော်လင့်ချက် ရှိနေတုန်းပဲဆိုတာ သတိရပါ။” ရှုဂျင်း က

မျက်နှာပျက်နေသော်ငြား
မျှော်လင့်ချက်အရိပ်အယောင်ရှိ
မျက်ဝန်းများဖြင့် ပြောလေသည်။

ရှုရှင်း က ခေါင်းခါပြီး "ငါတို့ထွက်သွားရင်
အတူတူထွက်သွားမယ်!"

ရှုဂျင်း က ဒေါသထွက်သွား၏။ သူမက
တစ်ခုခုထပ်ပြောရန် ပြင်နေစဉ် ချန်းတန်
၏အသံကိုကြားလိုက်ရလေသည်။
“တိုက်ခိုက်ကြစမ်း!”

"ရှုရှင်း?" ထိုအချိန်တွင် လူသားတစ်ယောက်၏ အသံက ကျယ်လောင်စွာထွက်လာသည်။

ရှုရှင်း က အသံလာရာဆီသို့ လှမ်းကြည့်လိုက်ရာ အသံပိုင်ရှင်ကိုတွေ့လိုက်ရတော့ ချက်ချင်းပင် ဝမ်းသာသွားသည်။ သူမက ဝမ်းသာအားရ ဖြစ်သွားပြီး "ရွှမ်အာ!ဒါ တကယ်ပဲ နင်လား?"

အတိအကျဆိုရလျှင် ယန်ယွဲ့ နှင့်အဖွဲ့ ရောက်ရှိလာခြင်းပါပဲ။

ပူးရှ်။

ရုတ်တရက်ပင် ရှုရှင်း၏ါလက်ဝါးပေါ် ရှိ
သစ်စိမ်းဝိညာဉ်က
အစိမ်းရောင်အလင်းတန်းတစ်ခုအသွင်ပြောင်း
ကာ ယန်ယဲ့ ၏ခန္ဓာကိုယ်ထဲသို့
ဝင်ရောက်သွားလေသည်။

အမ်.....။

ထို ရုတ်တရက်အဖြစ်အပျက်ကြောင့် ရှုရှင်း
အပါအဝင် သစ်ပင်မိစ္ဆာမျိုးနွယ် တိုင်း

အုံ့အားသင့်သွားကာ တစ်ဖက်တွင်မူ ချန်းတန်၏မျက်နှာက သိသိသာကို ပျက်ယွင်းသွားတော့သည်။

ယန်ယဲ့ လည်း ထိတ်လန့်သွားသည်။

"ချီး...။ ငါ့ခန္ဓာကိုယ်ထဲကို ဘာတွေဝင်လာတာလဲဟ? သူ စစ်ဆေးရန်ပြင်လိုက်စဉ် သူ့ခန္ဓာကိုယ်ထဲမှအစိမ်းရောင်အလင်းတန်းတစ်ခု ထွက်လာပြီး ရှူရှင်း ၏လက်ဝါးပေါ်မှ စိမ်းပြာရောင်ပုလဲလေးဖြစ်ကြောင်း သိလိုက်ရသည်။

ရှုရှင်း က သူမ၏လက်ကိုဆန့်ကာ
သစ်စိမ်းဝိညာဉ်ကို ပြန်ခေါ်ရန် ပြင်လိုက်၏။

သို့ရာတွင် ၎င်းက
အစိမ်းရောင်အလင်းတန်းများအဖြစ်
ပြောင်းလဲကာ ယန်ယွဲ့ ၏ခန္ဓာကိုယ်ထဲသို့
ထပ်မံဝင်ရောက်သွားသည်။

ပတ်ဝန်းကျင်ရှိလူတိုင်း
ထိုအထူးအဆန်းမြင်ကွင်းကိုမြင်လိုက်သည့်အ
ခါ မည်သို့ပြောရမှန်းပင်မသိဖြစ်သွားကြသည်။

နာမည်တွေ မနည်းပေးနေရတယ်ဗျာ😫

၅၄၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၄၇ – တိုက်ပွဲ

ထို့နောက် ယန်ယဲ့ ဓါးခန္ဓာကိုယ်က ချက်ချင်းပင် ပြင်းထန်စွာ တုန်လှုပ်သွားပြီးနောက်

မရေမတွက်နိုင်သော အစိမ်းရောင်
စွမ်းအင်လုံးကြီးများ ထွက်ပေါ်လာသည်။
ထိုစွမ်းအင်ဘောလုံးများက ယန်ယဲ့
၏ခန္ဓာကိုယ်မှ သွေးကြောများ အားလုံးသို့
စိမ့်ဝင်သွားကာ သူ့ခန္ဓာကိုယ်တစ်ခုလုံး
ဖြည်းညှင်းစွာ ပျံ့နှံ့သွားပါတော့သည်။

တစ်ချိန်တည်းတွင် သူ့ခန္ဓာကိုယ်ထဲကနေ
ကြောက်မက်ဖွယ်ရာ စွမ်းအင်များ
ထွက်ပေါ်လာသည်ကို ခံစားမိလိုက်သည်။
ရုတ်တရက်ဖြစ်ပေါ်လာသည့်
အကြောင်းအရင်းကို နားမလည်နိုင်သဖြင့်

ယန်ယဲ့ ၏အမူအရာက သိသိသာသာ
ပြောင်းလဲသွားခဲ့သည်။

ယန်ယဲ့ က ချက်ချင်း မြေပြင်ပေါ်
တင်ပျဉ်ခွေထိုင်ချကာ
ထိုကြောက်စရာကောင်းသော စွမ်းအင်ကို
အလျင်အမြန် ထိန်းချုပ်လိုက်၏။

ထိုရုတ်တရက် ပြောင်းလဲသွားသည့်
အခြေအနေကြောင့် ပတ်ဝန်းကျင်မှ လူတိုင်း
အံ့အားသင့်သွားကြပါသည်။

"သစ်စိမ်းဝိညာဉ်က ဘယ်လိုကြောင့် လူသားတစ်ယောက်ရဲ့ခန္ဓာကိုယ်ထဲကို ဝင်သွားရတာလဲ?"

ချန်းတန် နှင့် ရှုရှင်း တို့၏အမူအရာများက သိသိသာသာ ပြောင်းလဲကာ ၎င်းတို့၏ မျက်လုံးများတွင် မယုံနိုင်စရာများဖြင့် ပြည့်နှက်နေသည်။

သစ်စိမ်းဝိညာဉ်က ထိုလူသား ၏ခွန်အားကို မြှင့်တင်ရန် ကူညီပေးနေကြောင်း ၎င်းတို့ ရှင်းရှင်းလင်းလင်း သိထားသောကြောင့်ပင်။

သို့သော်လည်း မည်သည့်အကြောင်းကြောင့် သစ်စိမ်းဝိညာဉ်က ထိုလူသားအား အကူအညီ ပေးနေသနည်း?

ယင်ရှမ်အာ နှင့် အခြားသူများသည်ပင် ထိုရုတ်တရက်မြင်ကွင်းကြောင့် အနည်းငယ် ထိတ်လန့်သွားကြသည်။

သို့သော်လည်း ယင်ရှမ်အာ က ရုတ်တရက် တစ်စုံတစ်ခုကို အလျင်အမြန်နားလည်သွား၏။

သစ်စိမ်းဝိညာဉ်က ယန်ယဲ့
၏ခန္ဓာကိုယ်ထဲမှလျှို့ဝှက်ရတနာကြောင့်
ရွေးချယ်ခဲ့သည်ကို သူမနားလည်လိုက်သည်။

သို့ရာတွင် ယန်ယဲ့ က ကျင့်ကြံမှုအဆင့်
တိုးတက်လာမည်ဖြစ်ကြောင်း သိသာပေသည်။
တစ်ချိန်တည်းတွင် ယန်ယဲ့ အပေါ် ရန်လိုသူ
အများအပြား ရှိနေသဖြင့် လက်ရှိ
အခြေအနေက အလွန်ဆိုးရွားလှပါသည်။

ချန်းတန် ၏စိတ်ထဲတွင် ယန်ယဲ့ နှင့်အဖွဲ့ကို
ခေါ်ဆောင်လာပေးသည့် အဆိုပါ

သတ်ဖြတ်ခြင်းသံမဏိမိကျောင်း ကိုကြည့်ကာ ကျိန်ဆဲလိုက်၏။

ထို့နောက် သူ့ဘေးနားမှ လူလတ်ပိုင်း ကိုကြည့်ကာ "ယုထုံ! မင်းက ဒီလူသားတွေကို ဘယ်လိုလုပ်ပြီး ငါတို့ နန်းတော်ထဲ ဝင်ခွင့်ပြုလိုက်တာလဲ?"

ယုထုံ ဟုခေါ်သည့် သစ်ပင်မိစ္ဆာက ချန်းတန် ကိုပြန်ကြည့်ကာ "ချန်းတန်!
မင်းရဲ့ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ် က ငါတို့ သစ်ပင်မိစ္ဆာမျိုးနွယ် ရဲ့ဘုရင်မဟုတ်သေးပါဘူး၊

မင်းငါ့ကို အမိန့်ပေးချင်ရင် အရင်ဆုံး နေရာရအောင်လုပ်။"

ချန်းတန် ၏မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားကာ " ယုထုံ! မင်း ဘာပြောဖို့ ကြိုးစားနေတာလဲ?"

"ဘာမှမဟုတ်ဘူး!" ယုထုံက "သစ်သားစိမ်းကလန် နဲ့ မင်းရဲ့ ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်ကြားက တိုက်ပွဲဟာ ငါ့ သစ်ပင်မိစ္ဆာမျိုးနွယ် နဲ့မဆိုင်ဘူး။ ငါ့ရဲ့မျိုးနွယ်က

ကောင်းကင်လှုပ်ခါခြင်းတောင်တန်း ရဲ့
ပတ်ဝန်းကျင်ကို မျိုးဆက်
အဆက်အဆက်တိုင်အောင်
စောင့်ရှောက်ခဲ့တယ်။

မျိုးနွယ်စုတွေကြားက အာဏာလုတိုက်ပွဲမှာ
ငါတို့ ပါဝင်မှာမဟုတ်ဘူး။ ဒါက
အတိတ်မှာဖြစ်ခဲ့သလို အခုလည်းအတူတူပဲ။
အနာဂတ်မှာလည်း ဘယ်တော့မှ
ပြောင်းလဲသွားမှာ မဟုတ်ဘူး။”

ယုထုံ ၏စကားကို ကြားလိုက်သောအခါ ရှူရှင်း
၏မျက်နှာက မှိန်ကျသွားသည်။

အကယ်၍ သူမသည်

ထီးဆောင်းသစ်ပင်မိစ္ဆာမျိုးနွယ်

၏အကူအညီကို ရယူနိုင်လျှင်

သစ်သားစိမ်းကလန် က သစ်ပင်မိစ္ဆာမျိုးနွယ်

၏တော်ဝင်မျိုးနွယ်အဖြစ်

မရပ်တည်နိုင်သည့်တိုင် မည်သည့် ပြဿနာမှ

ဖြစ်လာမည်မဟုတ်ပေ။ ကံမကောင်းစွာဖြင့်....

ချန်းတန် ၏အမူအရာက

အလွန်ကြောက်စရာကောင်းလောက်အောင်

မှုန်ကုပ်နေပါသည်။

သို့ရာတွင် သူက ယုထုံ ကို အင်အားမသုံးဝံ့ပေ။

ထီးဆောင်းသစ်ပင်မိစ္ဆာမျိုးနွယ် က
သစ်ပင်မိစ္ဆာမျိုးနွယ်စုများအားလုံးတွင်
အင်အားကြီးမျိုးနွယ်စုဖြစ်သည်။
၎င်းမျိုးနွယ်က သစ်ပင်မိစ္ဆာမျိုးနွယ် ၏
အင်အား ၄၀ ရာခိုင်နှုန်းကျော်ထိ
ထိန်းချုပ်ထားသည်။

အကယ်၍ ထီးဆောင်းသစ်ပင်မိစ္ဆာမျိုးနွယ် နှင့်
သစ်သားစိမ်းကလန် တို့သာ
ပူးပေါင်းသွားခဲ့ပါက ၎င်း၏
ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်အတွက်
ကပ်ဘေးတစ်ခုဖြစ်လာမည်မှာ မလွဲကေန်ပင်။

"ဟမ့်။ ငါသာ ဘိုးဘေးနေရာကို
သိမ်းပိုက်ပြီးရင်
ထီးဆောင်းသစ်ပင်မိစ္ဆာမျိုးနွယ် နဲ့ ရင်ဆိုင်ဖို့
သေချာပေါက်အခွင့်အရေးရလိမ့်မယ်။"

ထို့နောက် ချန်းတန် ၏အကြည့်များက ယန်ယဲ့
အပေါ် ကျဆင်းလာပြီး “တိုက်ခိုက်ကြ!
သစ်စိမ်းဝိညာဉ်ကို အရင်ဦးဆုံးသိမ်းယူလိုက်။”

"နင်လုပ်ဝံ့လား!" ယင်ရှမ်အာ က ယန်ယဲ့ ရှေ့တွင် ချက်ချင်းရောက်လာပြီး ကျင်းရှုကလည်း မူလပုံစံသို့ ပြောင်းလိုက်ပါတော့သည်။

တစ်ချိန်တည်းတွင် ယင်ရှမ်အာ က သူမ၏လက်ကိုဝှေ့ယမ်းလိုက်ရာ ရွှေသက်တော်စောင့် ၅ ယောက်က ယန်ယဲ့ ဘေးနားတွင် တဖျက်ဖျက်တောက်ပစွာ ပေါ်လာခဲ့၏။

"ချန်းတန်! နင်ဒီနေ့ တိုက်ခိုက်ရဲရင် ငါ့ယောက်ျားက နင့်ရဲ့မျိုးနွယ်စုတစ်ခုလုံးကို

သေချာပေါက် မီးရှို့မယ်ဆိုတာ
ငါအာမခံတယ်။"

ရွှေသက်တော်စောင့်များကို မြင်သောအခါ
ချန်းတန် ၏မျက်ခွံများ လှုပ်ယမ်းသွားသည်။

၎င်းတို့က အမှန်တကယ်ပင်
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်များဖြစ်နေသည်
မဟုတ်ပါလော။

ထို့အပြင် အရေးကြီးဆုံးမှာ
ထိုရွှေရောင်အစောင့်များက အဆင့် ၅
ချီးမြှောက်ခြင်းနယ်ပယ် လူသားပညာရှင်
များနှင့်ပင် ညီမျှနေသည်။

ချန်းတန် က မှုန်ကုပ်ကုပ်အမူအရာဖြင့်
ယင်ရှမ်အာ ကို ကြည့်ကာ ပြောလေသည်။

"မင်းရဲ့ ကိုးမြီးမြေခွေးကလန် နဲ့ ငါ့
သစ်ပင်မိစ္ဆာမျိုးနွယ်က အမြဲတမ်း
အဆင်ပြေပြေနေထိုင်ခဲ့တယ်မဟုတ်လား?
ဒါက ဘာအဓိပ္ပာယ်လဲ?
ကိုးမြီးမြေခွေးကလန်က
ငါ့သစ်ပင်မိစ္ဆာမျိုးနွယ်ကို စစ်ကြေငြာဖို့
ကြိုးစားနေတာလား?"

"ချန်းတန်! နင်က သစ်ပင်မိစ္ဆာမျိုးနွယ် ကို ကိုယ်စားပြုဖို့ ဘာအခွင့်အရေးရှိလဲ?" ယင်ရှမ်အာ က အေးစက်စက် ရယ်မောလိုက်သည်။ “ဒါ့အပြင် နင့်ရဲ့အကျိုးအတွက် လုပ်နေတာပဲ။

တကယ်တော့ ငါ့ယောက်ကျားက နည်းနည်းလေးရက်စက်တဲ့လူတစ်ယောက်ဆို တာ နင်မသိသေးဘူးထင်တယ်။

နင်က ငါ့ကိုသတ်ချင်နေတာသာ သိရင် နင့်ရဲ့ ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်တစ်ခုလုံး ဒီကမ္ဘာကြီးကနေ ဖယ်ထုတ်ခံရလိမ့်မယ်။ ငါ

နင့်ကို ကြောက်အောင် ခြိမ်းခြောက်နေတယ်လို့ မထင်လိုက်နဲ့!"

ထိုစကားကိုကြားလိုက်ချိန်တွင် မိုချင်းရှယ် က ချက်ချင်းပင် မျက်မှောင်ကြုတ်သွား၏။

သူမကတွေးနေရင်းနှင့် ယင်ရှမ်အာ ကိုတစ်ချက်စိုက်ကြည့်လိုက်သည်။

"သူမက ရဲယန်ကို တိုက်ခိုက်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်နေတာလား? ဒါမှမဟုတ်ရင် သူမက သစ်သားစိမ်းကလန် ကိုကူညီစေချင်တာလား?"

"ဟားဟား...။" ချန်းတန် က

ရယ်မောလိုက်သည်။ သူက ယန်ယဲ့ ကို

လက်ညှိုးထိုးပြပြီး “သူ လား? ငါ့ရဲ့

ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်ကို

ဖျက်ဆီးနိုင်မှာ။

သူ့ကိုယ်သူ လူသားကေရာဇ် လော့ကျန်း

လို့ထင်နေတာလား?

ဘယ်လိုတောင်ရယ်စရာကောင်းတဲ့ဟာသပဲ။

သူက

ဝိညာဉ်နယ်ပယ်အလွှာအဆင့်ပုရွက်ဆိတ်တစ်

ကောင်ပဲကို၊ ဒါတောင် ငါ့မျိုးနွယ်ကို ဖျက်ဆီးနိုင်မှာတဲ့လား? ကိုးမြီးမြေခွေးသခင်မလေး! ကြည့်ရတာ မင်းခေါင်းမှာ တစ်ခုခုမှားနေပြီထင်တယ်။"

"ဒါဆို နင်ကဘာလို့ မစမ်းကြည့်တာလဲ?" ယင်ရှမ်အာ က မထူးခြားဟန်ဖြင့် ပြောလိုက်၏။

"ဒါဆို ငါလုပ်မယ်!" ချန်းတန် က မျက်နှာပေါ်တွင် ရက်စက်သော အမူအရာဖြင့် ပြောလိုက်သည်။ "သူတို့ကိုသတ်ပစ်လိုက်!"

ချန်းတန် ၏နောက်တွင် ရပ်နေသည့်
ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ် အဖွဲ့ဝင်များက
ယင်ရှမ်အာ နှင့်အဖွဲ့ဆီသို့ ချက်ချင်းပင်
ခုန်ဝင်လာကြသည်။

တစ်ဖက်တွင် ချန်းတန် ကိုယ်တိုင်လည်း
ရောမသစ်ပင်မိစ္ဆာကြီးအသွင်ပြန်ပြောင်းကာ
ရောမလက်ဝါးကြီးတစ်ဖက်ကို ဖန်တီး၍
ယန်ယဲ့ အား ရိုက်ချလိုက်သည်။

"ကျင်းရှ!" ယင်ရှမ်အာက ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ကျင်းရှ ကလည်း မူလပုံစံ ရောမနတ်မိကျောင်းကြီးအဖြစ်ပြောင်းလဲကာ ချန်းတန် ထံသို့ တရကြမ်းခုန်ဝင်သွားလေသည်။

၅၄၈

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၄၈ – မြင့်မြတ်သောဟန်အင်ပါယာ ပါဝင်လာခြင်း

“သစ်စိမ်းမျိုးနွယ်၊ ငါ့အမိန့်ကို လိုက်နာပါ။ ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ် က မျိုးနွယ်စု ပုန်ကန်လို့ သူတို့ကို ကရုဏာမထားဘဲ သတ်ပစ်လိုက်ကြ။” ထိုအချိန်တွင် ရှုရှင်းက ရုတ်တရက်အော်ပြောလိုက်သည်။

၎င်းတို့တွင် ယင်ရှမ်အာ ၏အကူအညီရှိနေပြီဖြစ်ရာ

သစ်သားစိမ်းကလန် အတွက် သေချာပေါက်
အခွင့်အရေးကောင်းတစ်ခုဖြစ်နိုင်ပေသည်။
ယခုအချိန်တွင် သစ်သားစိမ်းကလန် ဖက်ရှိ
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
အရေအတွက်
ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်ထက်
မနိမ့်ကျတော့ပါ။

"ဒါပေမဲ့ သစ်စိမ်းဝိညာဉ်....." ရှုရှင်း က
ထိုအကြောင်းကို တွေးတောနေရင်း ယန်ယဲ့ ကို
စိုက်ကြည့်ကာ "ဟူး..., ဘာပဲဖြစ်ဖြစ်ပါလေ။

သူက ရှမ်အာ ရဲ့မိတ်ဆွေပဲကိုး။" သူမ စိတ်ထဲကနေ တိုးညှင်းစွာပြောလိုက်ပါသည်။

သစ်သားစိမ်းကလန် ၏အဖွဲ့ဝင်များသည်လည်း ရှုရှင်း ၏အမိန့်ပေးသံကို ကြားသောအခါ တုံ့ဆိုင်းမနေဘဲ ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်ကို ချက်ချင်းတိုက်ခိုက်လိုက်ကြသည်။

တိုက်ပွဲက အပြင်းအထန်စတင်နေပြီဖြစ်သည်။ သို့ရာတွင် အနီယန်ယဲ့ကတော့ မျက်လုံးများကို တင်းတင်းမှိတ်ထားကာ မြေပြင်ပေါ်တွင် တင်ပျဉ်ခွေလျက်ထိုင်နေလေသည်။

ဤအချိန်တွင်
အစိမ်းရင့်ရောင်စွမ်းအင်လှိုင်းများက
သူ့ခန္ဓာကိုယ်တစ်ခုလုံး ပြန့်နှံ့သွားကာ
သူ၏မူလဒန်တျန်ထဲသို့ အဆက်မပြတ်
စုပ်ယူလိုက်ပါသည်။

အချိန်အနည်းငယ်ကြာအောင်
ထပ်မံစုပ်ယူနေပြီးနောက် ယန်ယဲ့
၏ကျင့်ကြံမှုက လျှပ်စီးတန်းကဲ့သို့ လျင်မြန်စွာ
မြင့်တက်လာလေသည်။

သူ၏ ကနဦးကျင့်ကြံမှုက
ဝိညာဉ်နယ်ပယ်အလွှာအဆင့် ၇ သာ
ရှိခဲ့သော်ငြား ယခု ၁၅ မိနစ်မပြည့်မီအချိန်တွင်
ဝိညာဉ်နယ်ပယ်အလွှာအဆင့် ၉ သို့
တက်လှမ်းသွားပါသည်။

သို့သော် ဆန်းကြယ်ရွှေချီကန် ထဲရှိ
သစ်စိမ်းဝိညာဉ် က
အစိမ်းရောင်စွမ်းအင်များကို
ထုတ်လွှတ်ပေးနေဆဲပင်။

အုန်း!

ချန်းတန် ဧ၏လက်ဝါးက ကျင်းရှ
ဧ၏ရောမနတ်မိကျောင်းအမြီးရှည်ကြီးနှင့်
ပြင်းထန်စွာရိုက်ချခံရကာ
ကျယ်လောင်သောပေါက်ကွဲသံကြီးပဲ့တင်ထပ်
သွားသည်။

ထို့နောက်တွင်
ရောမနတ်မိကျောင်းအမြီးရှည်ကြီး နှင့်
သစ်နွယ်ပင်ပုံသဏ္ဍာန်လက်ဝါးကြီးက မီတာ
၈၀ ကျော်ထိ ပြန်၍ လွင့်ထွက်လာကြသည်။

ချန်းတန် က နောက်ပြန်ဆုတ်ရင်း
ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ရာ
သူ့မျိုးနွယ်ဝင်များ အရေးနိမ့်နေသည်ကို
သတိပြုမိပြီး ချက်ချင်းပင်
မျက်နှာပျက်သွား၏။

သူ့မျက်နှာက ခဏတုံ့ဆိုင်းသွားကာ
ရုတ်တရက်ပင် ရက်စက်ကြမ်းကြုတ်သည့်
အမူအရာများ ပေါ်လာပြီး
အော်ဟစ်လိုက်သည်။

"သစ်သားစိမ်းကလန်၊ မင်းတို့က ငါ့ကို
ဒီလိုလုပ်ခိုင်းတာပဲ။ ဒီနေ့ကစပြီး

သစ်ပင်မိစ္ဆာမျိုးနွယ်မှာ သစ်သားစိမ်းကလန်
ဆိုတာ မရှိစေရဘူး။

လင်းတျန်ယု! မင်းတို့
မြင့်မြတ်သောဟန်အင်ပါယာရဲ့
တောင်းဆိုချက်ကို ငါသဘောတူတယ်၊
ဒါကြောင့် ငါ့ကို လက်တစ်ဖက်ပေးထားပါ !"

"ဟားဟား!!" ထိုအခိုက်အတန့်တွင်
အနက်ရောင်ဝတ်ရုံလူရိပ် ၅ ဦး နှင့်
အနီရောင်ဝတ်ရုံရှည်ဝတ်လူတစ်ယောက်

ပေါ်လာကာ

ကျယ်လောင်သောရယ်မောသံထွက်လာ၏။

အနီရောင်ဝတ်ရုံရှည်ဝတ်လူက

တစ်ချက်ရယ်ရင်း

"ချန်းတန်၊ မင်း စောစောကကတည်းက

သဘောတူခဲ့သင့်တယ်။ ဟိုးအရင်တုန်းက

သစ်သားစိမ်းကလန် ကို ချေမှုန်းဖို့ ငါတို့က

မင်းကို ကူညီမယ်ဆိုရင် ဒီအခြေအနေထိ

ရောက်လာမှာမဟုတ်ဘူး။”

ချန်းတန် က "လင်းတျန်ယု၊ အခု ငါ့ကို လက်တစ်ဖက် ငှားပါ။ မင်းရဲ့အခြေအနေတွေကို ငါသဘောတူမယ်!"

"ဒါပေါ့! ဒါပေါ့!" အနီရောင်ဝတ်လူက ပြုံးသည်။ “ဒါပေမဲ့ နောက်ထပ် အခြေအနေတစ်ခု ထပ်ထည့်ချင်ပါတယ်။ ငါ သစ်စိမ်းဝိညာဉ်ကိုလိုချင်တယ်!”

"လင်းတျန်ယု၊ ဒါက ဘာအဓိပ္ပာယ်လဲ!" ချန်းတန်က လင်းတျန်ယု ကို ဒေါသတကြီး စိုက်ကြည့်လိုင်သည်။

လင်းတျန်ယု က ပြုံးပြီးပြောသည်။ "ချန်းတန်! တကယ်လို့ အဲဒါက မင်းလက်ထဲမှာရှိရင် ငါတို့က မိတ်ဆွေတွေဖြစ်လို့ ငါဒီလိုတောင်းဆိုတာ သဘာဝမကျဘူး။ ကံမကောင်းစွာပဲ သစ်စိမ်းဝိညာဉ်က မင်းလက်ထဲမှာ ရှိမနေဘူးလေ။ ငါဆိုလိုတာက သစ်စိမ်းဝိညာဉ် ကို ရယူနိုင်ရင် ဘယ်သူမဆို ပိုင်ဆိုင်မယ်။ ဟုတ်ရဲ့လား?"

ချန်းတန် ၏မျက်နှာက အနည်းငယ်ပြေလျော့သွားကာ

"ဒါကအဆင်ပြေတယ်!"
ထိုစကားပြောပြီးသည်နှင့် သူ့လက်နှစ်ဖက်ကို ဆန့်ကာ မရေမတွက်နိုင်သော နွယ်ပင်များ ထွက်လာပြီး ယန်ယဲ့ ဆီသို့ ဦးတည်လိုက်သည်။

တစ်ဖက်တွင် အနီရောင်ဝတ်လူကလည်း အေးစက်စွာ ရယ်မောပြီးနောက် တဖျပ်ဖျပ် တောက်ပလာပြီး ယန်ယဲ့ ရှေ့သို့ ချက်ချင်းရောက်လာ၏။

"သူတို့ကို တားလိုက်!" ယင်ရှမ်အာ က အလွန်တုန်လှုပ်သွားသည်။

သူမက ရှေ့တက်လာရန်ပြင်လိုက်ချိန်တွင်
ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်
၏ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်က
တားဆီးထားလေသည်။

ရွှေရောင်အလင်းတန်းများ
တဖျပ်ဖျပ်လင်းလက်သွားကာ ရွှေအစောင့် ၅
ယောက်က အနက်ရောင်ဝတ်လူ ၅ ဦး
ကိုတားဆီးလိုက်၏။

ကျင်းရှု က ချန်းတန် နှင့်
တိုက်ခိုက်လိုက်သော်လည်း

အနီရောင်ဝတ်လူက ယန်ယဲ့ ရှေ့သို့
လျင်မြန်စွာရောက်လာလေသည်။

အနီရောင်ဝတ်လူက မြေပြင်ပေါ်တွင်
တင်ပျဉ်ခွေလျက်ထိုင်နေသည့် ယန်ယဲ့ ကို
ငေးကြည့်ရင်း ပေါ့ပေါ့ပါးပါး ပြုံးကာ
လက်ကိုဆန့်၍ ယန်ယဲ့ ၏ခေါင်းကို
ကုတ်ဆွဲလိုက်သည်။

ဝှစ်....။

ထိုအချိန်တွင် လုကျန်းယောင် က ယန်ယဲ့ရှေ့တွင် လျှပ်တစ်ပြက်ရောက်လာပြီး အနီရောင်ဝတ်လူ ကို တိုက်ခိုက်လိုက်သည်။

"အဆင့် ၇ ဓားစိတ်ဆန္ဒ ပါလား?"

အနီရောင်ဝတ်လူ က ရေရွတ်လိုက်ရင်း ပေါ့ပေါ့ဆဆမလုပ်ဝံ့တော့ပေ။

သူ့လက်ကို ထပ်မံဝှေ့ယမ်းပြီး လေထုကို ဆုပ်ကိုင်လိုက်ရာ လုကျန်းယောင် ၏ဓားချီအလင်းတန်းများက လေထုထဲတွင် ရပ်တန့်ကာ ပေါက်ကွဲသွားခဲ့သည်။

လုကျန်းယောင် က အနည်းငယ်
ထိတ်လန့်သွား၏။
သူမက ထပ်မံ၍ တိုက်ခိုက်ရန်ပြင်လိုက်စဉ်မှာပဲ
လက်ဝါးကြီးတစ်ဖက်က သူမ၏ခေါင်းပေါ်သို့
ရိုက်ချလာသည်ကို သတိပြုမိလိုက်သည်။

ထိုအချိန်တွင် စူးရှသော
ဓားအလင်းတန်းတစ်ခုလျှပ်စီးတန်းတစ်ခုကဲ့သို့
လျင်မြန်စွာ လင်းလက်လာပြီး လုကျန်းယောင်
၏ခေါင်းထက်မှ လက်ဝါးကြီးကို
ထိုးဖောက်သွားလေသည်။

ဆူး!

ဓားအလင်းတန်းက သူမ၏ခေါင်းပေါ်သို့ ကျဆင်းလာသည့် လက်ဝါးကြီး ကို နှစ်ခြမ်းခွဲသွားသဖြင့် လုကျန်းယောင် လည်း အံ့သြစွာ ကြည့်နေမိသည်။

“အား!!” နာကျင်နေသည့် အော်ဟစ်သံ ထွက်ပေါ်လာသည်။

တိုက်ပွဲများပင်လျှင် ရပ်တန့်သွားကာ
အောက်ဟာစ်သံထွက်ပေါ်လာရာဆီသို့
လှမ်းကြည့်ရင်း လူတိုင်း ၏မျက်လုံးများတွင်
အံ့သြတုန်လှုပ်သွားကြသည်။

လင်းတျှန်ယု က အဆင့် ၆
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ဖြစ်သည်။
ထို့ကြောင့် ၎င်း၏လက်ဝါးကို အသာထား၊
လက်တစ်ဖက်လုံး ပြတ်တောက်သွားသည့်တိုင်
ချက်ချင်း ပင် ပြန်၍ အစားထိုးနိုင်ပေသည်။

သို့သော် ယခုအချိန်တွင်တော့ မည်မျှပင် ထိန်းချုပ်နေသည့်တိုင် သူ၏လက်ဝါးကို ပြန်၍ ကုသနိုင်စွမ်းမရှိခဲ့ပေ။ ထို့အပြင် ကြောက်မက်ဖွယ်ကောင်းသော စွမ်းအင်ကြိုးမျှင်က သူ၏လက်ဝါးကို လှီးဖြတ်ထားသည့်နေရာတစ်ဝိုက် တိုက်စားပစ်ခဲ့သည်။

လုကျန်းယောင် ကမူ ထိုမြင်ကွင်းကိုမြင်လိုက်ရသောအခါ ဝမ်းသာသွားသည်။

သူမက ချက်ချင်းပင်
နောက်ပြန်လှည့်ကြည့်လိုက်ရယ
မြေပြင်ပေါ်တွင် တင်ပျဉ်ခွေလျှထိုင်နေခဲ့သည့်
ယန်ယဲ့ က မတ်တပ်ထရပ်လာသည်ကို
တွေ့လိုက်ရသည်။
ထို့အပြင် ယန်ယဲ့ ၏လက်ထဲ၌
ရှေးဟောင်းဓားအိမ် လည်းရှိနေသည်ကိုပါ
သတိထားမိလိုက်ပါသည်။

"နောက်ဆုံးတော့ နင်နိုးထလာပြီပဲ!"
လုကျန်းယောင် က ဝမ်းသာအားရ
ပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး “အခုဏာက
အကူအညီတွေအတွက် ကျေးဇူးတင်ပါတယ်။”
ထိုအချိန်သည် သူ၏ကျင့်ကြံမှုအဆင့်
ချိုးဖျက်ရန်
အရေးကြီးဆုံးအခိုက်အတန့်ဖြစ်သည်။

အနီရောင်ဝတ်လူ ၏ရုတ်တရက်
ဝင်ရောက်တိုက်ခိုက်မှုသာ ရင်ဆိုင်ရလျှင်
အကျိုးဆက်များကိုတွေးကြည့်၍ပင်မရနိုင်ပေ။

"ဘာလို့ ယဉ်ကျေးတာလဲ?" လုကျန်းယောင် က
ပြုံးပြီးပြောသည်။ "နင်က ငါ့ကို ခဏခဏ

ကယ်ခဲ့တာလေ။ ငါအခုမှ နင့်ကို တစ်ကြိမ်ပဲ ကာကွယ်ရသေးတယ်။"

ယန်ယဲ့ က သဘောကျစွာ ပြုံးလိုက်သည်။ "ကောင်းပါပြီလေ။ ဒီလိုဆို အခုဂ ကျန်တာကို ငါ့ဆီ ထားခဲ့!"

၅၄၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၄၉ – ဓားအင်ပါယာ ယန်ယဲ့?

"ဓား.... ဓားစိတ်ဆန္ဒ ။ အဆင့် ၉ ဓားစိတ်ဆန္ဒ ။ တကယ်ပဲ အဆင့် ၉ ဓားစိတ်ဆန္ဒ ။ မင်း..... မင်းက ယန်ယဲ့ ပဲ!!" ထိုအခိုက်အတန့်တွင် အနီရောင်ဝတ်လူက တုန်လှုပ်ချောက်ချားစွာဖြင့် ယန်ယဲ့ ကို ရုတ်တရက် စိုက်ကြည့်လိုက်မိပါတော့သည်။

ထိုယန်ယဲ့က သူ့သခင်ဖြစ်သည့် လူသားကောရာဇ်

၏မဟာရန်သူဖြစ်နေသောကြောင့် အစိမ်းသက်သက်ဖြစ်နေသူမဟုတ်ပေ။

သို့သော်လည်း ယန်ယဲ့ က အဆင့် ၉ ဓားစိတ်ဆန္ဒ ကို နားလည်သွားကြောင်း သူ မမျှော်လင့်ထားပါပေ။

"ဒီ ယန်ယဲ့ က တကယ်ကို အဆင့် ၉ ဓားစိတ်ဆန္ဒ ရောက်သွားပြီ။ မဖြစ်ဘူး.....၊ ငါ လူသားကေရာဇ် ကို အကြောင်းကြားရမယ်။ မဟုတ်ရင် ယန်ယဲ့ က လူသားကေရာဇ် ကို အခွင့်ကောင်းယူပြီး ထိုးနှက်လိမ့်မယ်။"

လင်းတျန်ယု က ယန်ယဲ့ ၏အဆင့် ၉
ဓားစိတ်ဆန္ဒ ကို သတိပြုမိသည်နှင့် ယန်ယဲ့
အပြောကိုပင် စောင့်မနေပေ။

ချက်ချင်းပင် သူ၏ဘယ်ဖက်လက်ကို
ဝှေ့ယမ်းလိုက်ရာ ရှေ့တည့်တည့်တွင်
အာကာဟင်းလင်းပြင်
အက်ကြောင်းတစ်ခုပေါ်လာသည်။

ထို့နောက် သူ့ခန္ဓာကိုယ်က
တစ်ချက်တုန်ခါသွားကာ

အာကာသဟင်းလင်းပြင် အက်ကြောင်းထဲသို့ ဝင်လိုက်၏။

သို့သော် ထိုအချိန်တွင် အလင်းတန်း ၄ ခု ထွက်ပေါ်လာပြီး လင်းတျန်ယု ထံသို့ တစ်ပြိုင်တည်း တိုးဝင်သွားသည်။

ဘာ……။

လင်းတျန်ယု က ချက်ချင်း ထိတ်လန့်သွားသည်။

သူက

အာကာသဟင်းလင်းပြင်အက်ကြောင်းထဲကို ဝင်ပြီး အလင်းတန်း ၄ ခုကို

ရှောင်ရန်ပြင်လိုက်၏။ သို့ရာတွင်
နောက်ကျသွားပါပြီ။

မည်သို့ပင်ဖြစ်စေ လင်းတျန်ယုက အဆင့် ၆
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ဖြစ်ရာ
တုံ့ပြန်မှု နှေးကွေးခြင်းမရှိပေ။

လင်းတျန်ယုက ချက်ချင်း
ပြတ်ပြတ်သားသားဖြင့်
အာကာသဟင်းလင်းပြင် အက်ကြောင်းကို
စွန့်လွှတ်လိုက်ပြီး ဘယ်လက်ကို ဆန့်ထုတ်ကာ
လေဟာနယ်ချုပ်နှောင်ခြင်းကို အလျင်အမြန်
ဖန်တီးလိုက်လေသည်။

အလင်းတန်း ၄ ခုက လေဟာနယ်အလွှာထဲတွင် ပိတ်မိနေသော်လည်း ရုတ်တရက်ပင် အပိုင်းပိုင်းခွဲကာ လင်းတျန်ယု ၏ရင်ဘတ်ပေါ်သို့ တိုက်ရိုက် ထိုးဖောက်သွားခဲ့သည်။

“မင်း… ငါပြီးပြီလား…” လင်းတျန်ယု က ယန်ယဲ့ ကို  အံ့အားသင့်စွာဖြင့် စိုက်ကြည့်နေ၏။ သူ့ပါးစပ်က တစ်ခုခုပြောချင်နေသေးသော်ငြား သူ့ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားသည့် ဓားစိတ်ဆန္ဒ က ယန်ယဲ့ ၏စိတ်ဆန္ဒနှင့်အတူ

သူ့ကိုယ်တွင်းအင်္ဂါတွေကို
အပိုင်းပိုင်းဖျက်ဆီးသွားပါတော့သည်။

ထို့နောက်တွင် လင်းတျန်ယု ၏မျက်လုံးများက
ချက်ချင်း မှိတ်ကျသွားကာ
သူ့ခန္ဓာကိုယ်ကလည်း မြေပြင်ပေါ်သို့
ပြုတ်ကျလာခဲ့သည်။

ထိုမြင်ကွင်းကို ကြည့်၍ ပတ်ဝန်းကျင်ရှိ
လူတိုင်း အံ့သြသွားကြသည်။

"အဆင့် ၆
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးက
ဒီအတိုင်းပဲ သေသွားပြီလား?"

ယင်ရှမ်အာ ပင်လျှင် တစ်ခုခုကို
တွေးမိနေပုံရပြီး ယန်ယဲ့ ကို
စိုက်ကြည့်လိုက်သည်။

မိုချင်းရှယ် ၏မျက်လုံးထဲတွင်မူ
ဟန်ပင်မဆောင်နိုင်ဘဲ
ထိတ်လန့်ကြောက်ရွံ့မှုအပြည့်နှင့် ယန်ယဲ့ ကို
စိုက်ကြည့်နေခဲ့သည်။

လုကျန်းယောင် ၏မျက်လုံးများသည်သာ
အရောင်တလက်လက်တောက်ပလာပြီး

သူမ၏မျက်လုံး စိတ်လှုပ်ရှားပျော်ရွှင်မှုများဖြင့် ပြည့်နှက်နေလေသည်။

တစ်ဖက်တွင်မူ ချန်းတန် နှင့် အပေါင်းအပါတစ်သိုက် ၏အကြည့်များတွင် မယုံနိုင်စရာများဖြင့် ပြည့်နှက်နေသည့် အကြည့်များ ရှိနေသည်။

"ဒီလူသားက ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူပဲ မဟုတ်ဘူးလား? သူက ဓားတစ်ချက်တည်းနဲ့ အဆင့် ၆

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် လင်းတျန်ယု ကို ဘယ်လိုသတ်လိုက်တာလဲ?

မဟုတ်သေးဘူး...., သူ.... သူက ယန်ယွဲ့ လား? တကယ်ပဲ လူသားကမ္ဘာ ရဲ့ဓားအင်ပါယာ လို့ခေါ်သလား?"

ယန်ယွဲ့က ပတ်ဝန်းကျင်မှအကြည့်များကို လစ်လျူရှုကာ ညာလက်ကို ဝှေ့ယမ်းရင်း အနီရောင်ဝတ်လူ ၏အလောင်းကို ရှေးဟောင်းဓားအိမ် ထဲသို့ ဆွဲယူလိုက်သည်။

ထို့နောက် အနီးပတ်ဝန်းကျင်ရှိ
အနက်ရောင်ဝတ်လူ ၅ ဦးကို
လှည့်ကြည့်လိုက်၏။

အနက်ဝတ်လူ ၅ ဦးကလည်း လင်းတျန်ယု
သေဆုံးသွားသည်ကို သတိပြုမိနေသဖြင့်
ပြန်ဆုတ်ရန်ကြံစည်နေ၏။

နောက်ဆုံးတွင် ၎င်းတို့လည်း လင်းတျန်ယု
မသေခင် ပြောလိုက်သည့် စကားလုံးကို
ကြားလိုက်ရသည်မဟုတ်ပါလော။

ထိုလူငယ်က သာမန်
ဝိညာဉ်နယ်ပယ်အလွှာအဆင့်
ကျွမ်းကျင်သူမဟုတ်ဘဲ ထောင်စုနှစ်
၏ဓားအင်ပါယာ ဖြစ်နေသည်။

ထို ဓားအင်ပါယာ ယန်ယွဲ့က
ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူ
ဖြစ်သည့်တိုင် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
များကို ကြက်ကလေး၊ငှက်ကလေးများကဲ့သို့
အသာလေးသတ်နိုင်ပေသည်။

၎င်းက တမင်ချဲ့ကား ပြောဆိုနေသည့်
ကောလဟာလများ မဟုတ်ပေ။

ထိုထက်ပို၍ အရေးကြီးသည်မှာ ၎င်းယန်ယွဲ့က အဆင့် ၆ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် လင်းတျန်ယု ကို ၎င်းတို့ရှေ့မှာပင် သတ်ပစ်ခဲ့ခြင်းဖြစ်သည်။

ထိုအခြေအနေကြောင့် မည်ကဲ့သို့ ဆက်၍ တိုက်ခိုက်ဝံ့တော့မည်နည်း?

သို့ရာတွင် အနက်ဝတ်လူ ၅ ဦးက ထွက်ပြေးရန် နောက်ကျသွားခဲ့၏။

ရွှေအစောင့် ၅ ယောက်က အနက်ဝတ်လူ
များကို ထွက်မပြေးနိုင်ရန်
တားဆီးထားခြင်းကြောင့်ပါ။

ထိုအချိန်တွင် ယန်ယဲ့ ၏နောက်ကျောမှ
အလင်းတန်း ၄ ခုနှင့်အတူ
တာအိုရတနာလက်နက် ၄ ခု ပျံထွက်လာပြီး
အသက်ရှူချိန်အနည်းငယ်တွင်းမှာပင်
အနက်ဝတ်လူ ၅ ဦးလုံး မြေပြင်ပေါ်
လဲကျသွားတော့သည်။

"ချန်းတန်! ဘယ်သွားမလို့လဲ?" ဤအချိန်တွင် အဘွားအို ရှုဂျင်း က ရုတ်တရက် ကျယ်လောင်စွာအော်လိုက်ပြီး ချန်းတန် ၏လမ်းကို ရှေ့ကနေ ပိတ်ရပ်ထားလိုက်သည်။

တစ်ချိန်တည်းတွင် သစ်သားစိမ်းကလန် ၏အဖွဲ့ဝင်များအားလုံး တစ်ပြိုင်တည်း ရှေ့တက်လာကာ ချန်းတန် နှင့် ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်ဝင်များကို ဝိုင်းရံလိုက်ကြသည်။

"ရှုဂျင်း! မင်းက တကယ်ပဲ သေတဲ့အထိ တိုက်ပွဲဝင်ဖို့ ရည်ရွယ်နေတာလား?" ချန်းတန် ၏လေသံက တိုးညှင်းစွာသာ ထွက်ပေါ်လာသည်။

"သေတဲ့အထိတိုက်ခိုက်မှာလား?" ရှုဂျင်း က အေးစက်စွာ ရယ်မောလိုက်၏။ "ချန်းတန်! အခုထိ ကိုယ့်အခြေအနေကို မသိသေးပါလား? နင့်ရဲ့ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်က ငါတို့ကို သေတဲ့အထိ တိုက်ခိုက်နိုင်စွမ်းရှိသေးတယ်လို့ ထင်နေတာလား?"

"ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်ဝင်တွေ!" ထိုအချိန်တွင် ရှုရှင်းက ရုတ်တရက် ပြောလိုက်လေသည်။ "မင်းတို့အားလုံး ဘိုးဘေးနေရာအတွက် တိုက်ခိုက်ခဲ့မယ်ဆိုရင် အဆုံးမှာ ငါတို့ သစ်ပင်မိစ္ဆာမျိုးနွယ်ရဲ့ အတွင်းရေးကိစ္စပဲ ဖြစ်လိမ့်မယ်။

အခုတော့ မင်းတို့က ငါတို့ သစ်ပင်မိစ္ဆာမျိုးနွယ်ကို တိုက်ခိုက်ဖို့ ပြင်ပကမ္ဘာက လူသားပညာရှင်တွေနဲ့ပူးပေါင်းခဲ့တယ်။

ဘာလဲ.....? မင်းတို့အားလုံး ငါတို့ဘိုးဘေးတွေရဲ့ စည်းမျဉ်းတွေ၊ လမ်းညွှန်မှုတွေကို မေ့နေကြပြီလား?”

"လူသားတွေနဲ့ ပူးပေါင်းနေတာလား?" ချန်းတန်က ရယ်မောပြီး ယန်ယဲ့ ကို လက်ညှိုးထိုးပြလိုက်ကာ "ရှုရှင်း! ဒါဆို မင်းရဲ့ သစ်သားစိမ်းကလန် က လူသားတွေနဲ့ မပူးပေါင်းဘူးလား? မေ့လိုက်ပါ၊ အနိုင်ရတဲ့သူကသာ အမြဲတမ်းမှန်တယ်။

အခု ငါ့ရဲ့ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်က ရှုံးနိမ့်သွားရင်တောင် မင်းတို့

သစ်သားစိမ်းကလန် က ငါတို့ ကို
အပြစ်ပေးစီရင်ပိုင်ခွင့်မရှိဘူး။
ဒီထက်ပိုဆိုးလာရင် နှစ်ဖက်လုံး ဆုံးရှုံးမှု
ကြီးကြီးမားမား ဒါမှမဟုတ် တစ်ဖက်က
ပျက်စီးသွားတဲ့အထိ အပြင်းအထန်
တိုက်ခိုက်မယ်။”

ရှုရှင်း က ယန်ယဲ့ နှင့်အဖွဲ့ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
လေးလေးနက်နက်စဉ်းစားကာ
ပြောလိုက်သည်။ သူမက ချန်းတန် ၏နောက်မှ
ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်ဝင်များ ကို

စိုက်ကြည့်ကာ

“ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်ဝင်တွေ၊

ငါပြောတာ သဘောပေါက်ကြလား?

မင်းတို့တွေ ချန်းတန်

နဲ့သူ့ရဲ့လူတွေလှည့်စားမှုကြောင့် အားလုံး

လမ်းမှားရောက်သွားတာကို

ငါနားလည်ပေးနိုင်တယ်။

ဒါကြောင့် မင်းတို့အားလုံး ခုခံတာကို

ရပ်လိုက်မယ်ဆိုရင် ချန်းတန် ရဲ့

ရိုင်းစိုင်းအပြုအမူတွေကို တားဆီးမယ်လို့

ကတိပြုရင် ငါ့ သစ်သားစိမ်းကလန် ရဲ့

ဘိုးဘေးတွေကို တိုင်တည်ပြီး ကျိန်ဆိုတယ်!
မင်းတို့အားလုံးကို အပြစ်မပေးဘဲ
အရင်အတိုင်း နေထိုင်ခွင့်ပြုမယ်။”

ရှုရှင်း ၏ကတိပေးစကားသံကို
ကြားလိုက်သောအခါ
ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ် ၏
အဖွဲ့ဝင်အများအပြား အတော်လေး
လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၅၀ – ဝမ်းကွဲအစ်ကို

အခြေအနေကို သတိပြုမိတဲ့အခါ ချန်းတန်၏အမူအရာက ပြောင်းလဲသွားပြီး "ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်ရဲ့အဖွဲ့ဝင်တွေ၊ ကြားလား? မင်းတို့ လက်ထဲမှာ သစ်သားစိမ်းကလန် ရဲ့အဖွဲ့ဝင်တွေ သွေးတွေအများကြီးစွန်းနေတယ်။ သစ်သားစိမ်းကလန် က မင်းတို့အားလုံးကို

လွှတ်ပေးမယ်လို့ထင်လား? အခု
လက်နက်ချရင် သစ်သားစိမ်းကလန် က
သစ်ပင်မိစ္ဆာမျိုးနွယ် ရဲ့ဘိုးဘေးနေရာကို
အပြည့်အဝထိန်းချုပ်နိုင်တဲ့အခါကျ
မင်းတို့အားလုံး ကိုယ့်ကံကြမ္မာကို
ရင်ဆိုင်ရမယ့်အချိန်ပဲ!”

အစောပိုင်းက စိတ်လှုပ်ရှားနေကြသူ
အများအပြားက ချန်းတန် ၏စကားကို
ကြားသောအခါ တွန့်ဆုတ်သွားကြသည်။

ထိုအချိန်တွင် ယန်ယဲ့ က ရှေ့တိုတက်လာကာ သူ့နောက်ကျောကနေ အလင်းတန်း ၄ ခုနှင့်အတူ တာအိုရတနာလက်နက် ၄ ခု လွင့်မျော၍ ချန်းတန် ဆီသို့ လျှပ်တစ်ပြက် ပစ်လွှတ်လိုက်၏။

ချန်းတန် က အလွန်ထိတ်လန့်သွားကာ လက်ကိုဝှေ့ယမ်းပြီး မရေမတွက်နိုင်သည့် နွယ်ပင်များစွာ ဖန်တီး၍ တာအိုရတနာလက်နက် ၄ ခုကို တားဆီးလေသည်။

ချိုးမြှောက်ခြင်းနယ်ပယ်အဆင့်

စွမ်းအင်နွယ်ပင်များက တာအိုရတနာလက်နက်

၄ ခုကို မတားဆီးနိုင်ပေ။ ချက်ချင်းဆိုသလိုပင်

ချန်းတန် ဖန်တီးလိုက်သည့် သစ်နွယ်ပင်များ

အားလုံး အပိုင်းပိုင်း လှီးဖြတ်ခံလိုက်ရသည်။

ထို့နောက်တွင် အလင်းတန်းလေးခုက

တလက်လက် တောက်ပပြီး ချန်းတန်

၏ရောမသစ်ပင်မိစ္ဆာခန္ဓာကိုယ်ကြီးကို ဆက်၍

ထိုးဖောက်သွားခဲ့သည်။

အသက်ရှူနှစ်ရှိက်စာအတွင်း
တာအိုရတနာလက်နက် ၄ ခုစလုံးက
တဖျပ်ဖျပ်လင်းလက်ပြီး ယန်ယဲ့
၏နောက်ကျောသို့ ပြန်ရောက်လာပါသည်။

ဤအချိန်တွင် ချန်းတန်
၏ရောမအစိမ်းရောင်မျက်လုံးများက ယန်ယဲ့
ကို အကန့်အသတ်မဲ့
နာကျည်းထိတ်လန့်မှုများအပြည့်နှင့်
စိုက်ကြည့်နေခဲ့လေသည်။

နောက်ထပ် အသက်ရှုနှစ်ရှိုက်စာအတွင်းမှာပင် လူတိုင်း ၏ရှေ့၌ ချန်းတန် ၏ခန္ဓာကိုယ်က အဆက်မပြတ် ပေါက်ကွဲသံများနှင့်အတူ တစ်စစီကွဲထွက်သွားပါတော့သည်။

ယန်ယဲ့သည် အံ့အားသင့်နေအကြည့်များနှင့် အပြည့်ဖြစ်နေသည့် ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ် ၏ အဖွဲ့ဝင်များကို တစ်ချက်ကြည့်လိုက်သည်။

တဖန် သူက ယခုတိုင် တုန်လှုပ်နေဆဲဖြစ်သည့် ရှုရှင်း အား စိုက်ကြည့်ရင်း “မိန်းမပျို ရှုရှင်း၊ မင်း သူတို့ကို လက်နက်ချခိုင်းလို့ ရပြီလား?

အခု သူတို့မှာ တခြား အတွေးတွေ ရှိမှာ
မဟုတ်ဘူးလို့ ငါထင်တယ်။”

အမှန်တွင် သူသည် သစ်သားစိမ်းကလန် မှ
အကျိုးအမြတ်ကြီးကြီးမားမားရရှိခဲ့သဖြင့်
၎င်းတို့အတွက် တစ်စုံတစ်ခု
ပြန်ပေးသင့်သည်ဟု ခံစားမိသည်။

ထို့အပြင် ယခုအချိန်တွင် သူ့စိတ်ထဲ၌
စိတ်မသက်မသာ အရိပ်အယောင်ကို
ခံစားနေရသည်…။

ရှုရှင်း က ထိတ်လန့်မှုမပြယ်သေးဘဲ ယန်ယွဲ့ကို
ကြည့်နေလေသည်။

ကံကောင်းစွာပဲ ဤလူသားက
သူမ၏သစ်သားစိမ်းကလန် ကို
ကူညီနေပါသည်။ "ကျေးဇူးတင်ပါတယ်!"

ယန်ယွဲ့ က ခေါင်းညိတ်ကာ ဘေးကို
ရွှေ့လိုက်သည်။

ယင်ရှမ်အာ သည်တော့ တစ်စုံတစ်ခုကို
လေးလေးနက်နက် စဥ်းစားနေပုံဖြင့် ခဏကြာမှ
ယန်ယွဲ့ကို စိုက်ကြည့်လိုက်လေသည်။

အနီးလူငယ်က ဤအဖြစ်အပျက်ကြောင့်
ထပ်မံ၍ နာမည်ကျော်ကြားသွားမည်ဖြစ်ကာ
တိုက်ကြီးတွင် ဓားအင်ပါယာ
ထွက်ပေါ်လာသည့်
ခေတ်တစ်ခုကိုရောက်ရှိမည်ဖြစ်ကြောင်း
သူမစိတ်ထဲ အလိုလိုခံစားမိလိုက်သည်။

"ယန်ယွဲ့၊ နင်က အခု ချီးမြှောက်ခြင်းနယ်ပယ်
ကိုရောက်သွားပြီလား?" လုကျန်းယောင် က
ယန်ယွဲ့ ဆီသို့ ပြေးလာရင်း အနားကပ်ကာ
မေးလေသည်။

ယန်ယဲ့ က သူမကို ပြန်မဖြေသေးဘဲ ပြုံးရုံသာပြုံးပြီး မိုချင်းရှယ် ကို တစ်ချက်ကြည့်လိုက်ပြီး "မိန်းကလေး မို! ငါတို့ စကားစမြည်ပြောသင့်လား?"

မိုချင်းရှယ် ၏ခန္ဓာကိုယ်လေးက ရုတ်ချည်းပင် တောင့်တင်းသွားသည်။

လုကျန်းယောင် က မိုချင်းရှယ် ထိတ်လန့်သွားသည်ကို သတိပြုမိကာ "ချင်းရှယ်! စိတ်မပူပါနဲ့။ ဒီလူက တစ်ခါတစ်လေမှာ အတော်လေးဆိုးရွားပေမဲ့

တခြားလူတစ်ဦး ကို တိုက်ခိုက်တာ ဒါမှမဟုတ် ပြဿနာရှာတာမျိုး တော့ ဖြစ်နေတာပဲ။ နင်က သူပြောတဲ့အတိုင်း လိုက်လုပ်မယ်ဆိုရင် သူက နင့်ကိုသတ်မှာမဟုတ်ဘူး။"

လုကျန်းယောင် ဧါစကားကြောင့် ယန်ယဲ့ ဧါပါးစပ်ထောင့်များ လှုပ်ယမ်းသွားသည်။

မိုချင်းရှယ် ပင်လျှင် အနည်းငယ်အံ့သြသွားပြီး ပြုံးလိုက်မိသည်။

ကောင်းကင်လှုပ်ခါခြင်းတောင်တန်း

၏တောလမ်းတစ်နေရာ တွင်....။

ယန်ယဲ့ နှင့် မိုချင်းရှယ် တို့နှစ်ဦးက

တောလမ်းလေးအတိုင်း ဖြည်းညှင်းစွာ

လမ်းလျှောက်နေကြသည်။

"ငါ နင့်ကို ဓားအင်ပါယာ ယန်ယဲ့၊ ရဲယန်

ဒါမှမဟုတ် ဝမ်းကွဲအစ်ကိုလို့ ခေါ်ရမှာလား?"

မိုချင်းရှယ် က ရုတ်တရက် စကားစပြီး

သူတို့ကြားမှ တိတ်ဆိတ်မှုကို

ချိုးဖျက်လိုက်သည်။

ယန်ယဲ့ က အနည်းငယ်

မလှုပ်မယှက်ဖြစ်သွား၏။

အတန်ကြာမှ ခေါင်းကိုပြန်လှည့်ကာ သူမကို

စိုက်ကြည့်ရင်း “မင်း ငါ့ရဲ့အထောက်အထားကို

သိနေတာလား?” ဟု ပြောလိုက်ပါသည်။

မိုချင်းရှယ် က ခေါင်းညိတ်လိုက်သည်။ "နင်

မိုချင်းယု ကို သတ်လိုက်တုန်းက မိုကလန်က

နင့်ကို ငါတို့မိုကလန်

ရဲ့အဖွဲ့ဝင်တစ်ယောက်ဖြစ်နိုင်တယ်လို့

သံသယရှိခဲ့တယ်။

ဘာကြောင့်လဲဆိုရင် မိုချင်းယု မှာ မိုကလန်ရဲ့ဘိုးဘေးတွေဖန်တီးထားတဲ့ ဝိညာဉ်အမှတ်အသားရှိနေလို့ပဲ။

ဒါကြောင့် ယုတ္တိရှိရှိပြောရင် နင်က သူမကို သတ်ပြီးတာနဲ့ ဝိညာဉ်အမှတ်အသားက နင့်ရဲ့ ဝိညာဉ်အပေါ်ကို တံဆိပ်ခတ်သွားသင့်တယ်။

ဒါပေမယ့် အဲဒါမဖြစ်ခဲ့ဘူး။ အဲဒါကို ရှင်းပြဖို့ နည်းလမ်းနှစ်ခုပဲရှိတယ်။ အရင်ဦးဆုံး နင်က အရမ်းအားကောင်းလို့ ဝိညာဉ်အမှတ်အသားကို ဖယ်ရှားခဲ့တာ။

ဒါပေမယ့် အဲဒီတုန်းက နင်ပိုင်ဆိုင်ထားတဲ့ ခွန်အားတွေနဲ့ဆို မဖြစ်နိုင်ဘူးဆိုတာ သိသာတယ်လေ။

နောက်တစ်ချက်က ဝိညာဉ်အမှတ်အသားက မိုကလန် ရဲ့အဖွဲ့ဝင်တွေအပေါ်မှာ ဘာသက်ရောက်မှုမှမရှိဘူး။

ဒီတော့ ဖြစ်နိုင်ချေက တစ်ခုပဲရှိတယ်၊ နင်က ငါတို့ မိုကလန် ရဲ့အဖွဲ့ဝင်တစ်ဦးဆိုတာပါပဲ။"

ယန်ယဲ့ က သက်ပြင်းချကာ ထပ်မေးလိုက်၏။

"ဒီလိုဆို မိုကလန် က ငါ့ကို စုံစမ်းနေပြီလား?"

မိုချင်းရွယ် က ခေါင်းညိတ်ပြီး ပြောသည် " ငါ့ မိုကလန် က နင်သာ တော်ရုံတန်ရုံ လူတစ်ယောက်ဆိုရင် နင့်ကို သတ်ဖို့ အဆင့်မြင့်ပညာရှင်တွေကို သေချာပေါက် စေလွှတ်လိမ့်မယ်။

မိုချင်းယု က မိုကလန် ရဲ့ပါရမီရှင်တစ်ဦးလေ။ တကယ်လို့ နင်က ဘိုးဘေး ရဲ့တရားမဝင်ကလေးဖြစ်နေရင်တောင် သူမကို သတ်လိုက်လို့ သေရမှာပဲ။

ဒါပေမဲ့ နင်က မိုချင်းယု ထက်တောင် အဆပေါင်းများစွာ သာတဲ့ ပါရမီရှင်

တစ်ယောက်ဖြစ်နေတယ်။ ဒါ့ကြောင့် မိုကလန်က နင့်ကိုသတ်ဖို့ ပညာရှင်တွေ မလွှတ်တော့ဘဲ အဲဒီအစား နင့်အကြောင်းကို စပြီးစုံစမ်းခဲ့တယ်။"

ယန်ယဲ့ က မဲ့ပြုံးတစ်ချက်ပြုံးကာ “နောက်ဆုံးတော့ အမှန်တရားကို သူတို့ သိသွားပြီမဟုတ်လား။?”

မိုချင်းရှယ် က ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့ က ရုတ်တရက်ပြောလိုက်လေသည်။

"အဲဒီအချိန်တုန်းက ငါ့အမေနဲ့အဖွားကို ထိခိုက်အောင်လုပ်ခဲ့တဲ့ မိုကလန် ရဲ့အဖွဲ့ဝင်တွေ အခုရှိနေသေးလား?"

မိုချင်းရှယ် ၏မျက်ခွံများ လှုပ်ယမ်းသွားက ခဏတာ ငြိမ်သက်နေပြီးမှ "သူတို့က မိုကလန် မှာ အရမ်းအားကောင်းတယ်။"

ယန်ယဲ့ က ခေါင်းညိတ်ပြီး “ဝမ်းကွဲညီမလေး! မင်းက အခု မိုကလန် ကို ပြန်သွားလိုက်။ မင်းရဲ့လက်ရှိအင်အားနဲ့

သူတော်စင်အကြွင်းအကျန်နယ်မြေကိုသွားမယ်ဆိုရင်

အသက်ရှင်လျက်ပြန်လာနိုင်ဖို့ဆိုတာမဖြစ်နိုင်ဘူး။

အကြွင်းအကျန်နယ်မြေထဲမှာရှိတဲ့ အကျိုးအမြတ်တွေက အဖိုးတန်တယ်ဆိုပေမဲ့ အဲဒါက မင်းရဲ့အကန့်အသတ်ထဲမှာပဲ လုပ်ဆောင်သင့်တယ်။" ယန်ယဲ့က ထိုစကားပြောပြီးသည်နှင့် နောက်ပြန်လှည့်၍ ထွက်သွားလိုက်သည်။

ထိုအချိန်တွင် မိုချင်းရှယ် က ရုတ်တရက်ပြောလိုက်သည် "ဝမ်းကွဲအစ်ကို! နင်က သူတို့ကို ဖြေရှင်းဖို့ မိုကလန် ကို ပြန်လာမှာလား?".

ယန်ယဲ့ က ခဏတာရပ်လိုက်ပြီး "ဟုတ်တယ်၊ ငါ မိုကလန် ကို လာမှာပါ။ လက်ရှိ ကလန်ခေါင်းဆောင် ဒါမှမဟုတ် မိုကလန် တစ်ခုလုံးကို ဆုံးဖြတ်ချက်ချနိုင်တဲ့ လူကို ပြောလိုက်။

မိုကလန် မှာ ဘယ်လိုအခြေအနေတွေပဲရှိရှိ ငါ့အဖွားကို သေဆုံးအောင် နဲ့ အမေ့ကို

တစ်သက်လုံးထွက်ပြေးခိုင်းတဲ့
သူတွေအားလုံးက သူတို့ဘဝနဲ့ ပေးဆပ်ရမှာပဲ။
မှန်တယ်၊ ဒါနဲ့ ငါမင်းကိုတစ်ခုမေးပါရစေ။
မိုကလန် က လော့ကျန်း
နဲ့ပူးပေါင်းထားသလား?"

မိုချင်းရှယ် က အံ့အားသင့်သွားပြီး သူမက
“အဲလိုတော့ မဖြစ်သေးပါဘူး။ လော့ကျန်း က
ငါတို့ မိုကလန် ကို ဆက်သွယ်ဖို့ လူတွေ
စေလွှတ်ထားပေမဲ့ ကလန်
ရဲ့အကြီးအကဲတွေအားလုံး တစ်ယောက်ချင်းစီ
အမြင်မတူကြဘူးဖြစ်နေတယ်။”

"သနားစရာကောင်းလိုက်တာ။ မိုကလန် က လော့ကျန်း နဲ့ ပူးပေါင်းထားတယ်ဆိုရင်တော့ အရမ်းကောင်းလိမ့်မယ်။ ဒီလိုနည်းနဲ့ဆို ငါက မိုကလန် ကိုတိုက်ခိုက်ဖို့ အကြောင်းပြချက် ရနိုင်မှာသေချာတယ်!" ထို့နောက်တွင်တော့ ယန်ယဲ့ ၏ပုံရိပ်က တဖျပ်ဖျပ်တောက်ပကာ နေရာမှာပင် ပျောက်ကွယ်သွားသည်။

ယန်ယဲ့ ပြောခဲ့သည့် စကားများကို ကြားလိုက်သောအခါ မိုချင်းရှယ် ၏ခန္ဓာကိုယ်လေးက တုန်လှုပ်သွားသည်။

သူမ၏စိတ်ထဲတွင် ဤဝမ်းကွဲအစ်ကိုက
နောက်ပြောင်နေသည်မဟုတ်ကြောင်း
သိထားသလို၊ မိုကလန်
အားခြိမ်းခြောက်နေခြင်းလည်း မဟုတ်ကြောင်း
သိထားပါသည်။

သူမ၏ဝမ်းကွဲအစ်ကိုက သေချာပေါက်
မိုကလန် ကို တိုက်ခိုက်ရန်
ရည်ရွယ်ထားခဲ့ခြင်းပါ။

အသေအချာပင်၊ အရေးကြီးသည်မှာ ယန်ယဲ့
က ထိုစကားများကို အဓိပ္ပါယ်မဲ့စွာ
တမင်ပြောဆိုနေခြင်းမဟုတ်ခဲ့ပေ။
အကြောင်းမှာ ယန်ယဲ့ က မိုကလန် ကို
တိုက်ခိုက်မည်ဆိုလျှင် သေချာပေါက်
လုပ်ဆောင်နိုင်၏။

"ဟူး....။ မိုကလန်က ဒီလိုအဖွဲ့ဝင်တစ်ဦးကို
ပိုင်ဆိုင်ထားတာဟာ ကပ်ဘေးတစ်ခုလား
ဒါမှမဟုတ် ကံကြမ္မာကောင်းချီး လား?"

၅၅၁

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၅၁ – အသက်စမ်းရေ

သစ်သားစိမ်းကလန်၊ သစ်သားစိမ်း နန်းတော်။

"ရှမ်အာ! ငါ့ သစ်သားစိမ်းကလန် က

အခြေအနေတွေအားလုံးကို ထိန်းချုပ်ပြီး

ပုန်ကန်မှုတွေကို ဖြေရှင်းနိုင်ခဲ့လို့ အရမ်း ကျေးဇူးတင်ပါတယ်။

ငါတို့က အခင်မင်ဆုံးမိတ်ဆွေတွေဆိုတော့ ကျေးဇူးစကား အများကြီး မပြောဖြစ်ဘူး။

နောင်မှာ ငါ့သစ်စိမ်းမျိုးနွယ် ရဲ့အကူအညီကို လိုပ်ရင် ငါ့ကို ချက်ချင်းသတင်းပို့ပါ။" ရှူရှင်းက စပျစ်နွယ်ပင်များဖြင့်ဖန်တီးထားသည့် ပုလ္လင်ပေါ်တွင် ထိုင်နေရင်း ယင်ရှမ်အာ နှင့် စကားပြောနေသည်။

ခန်းမထဲရှိ သစ်ပင်မိစ္ဆာမျိုးနွယ် ၏အကြီးအကဲများပင်လျှင် ရှူရှင်း

ပြောလိုက်သည့် စကားကို
ခေါင်းညိတ်လိုက်ကြသည်။

ကိုးမြီးမြေခွေးကလန် က သစ်ပင်မိစ္ဆာမျိုးနွယ်
ထက် ပို၍ အားကောင်းခဲ့သည်။

၎င်းတို့သာ ကိုးမြီးမြေခွေးကလန် နှင့်
ပူးပေါင်းနိုင်လျှင် သစ်ပင်မိစ္ဆာမျိုးနွယ်  အတွက်
အလွန်ကောင်းမွန်သော အရာဖြစ်မည်မှာ
သေချာပါသည်။

ယင်ရွှမ်အာ က ပြုံးပြီးပြောသည်။ "ရှင်းအာ!
နင်က ငါ့ယောက်ျားကို

ကျေးဇူးတင်ရမှာမဟုတ်ဘူးလား?
သူ့ကြောင့်သာမဟုတ်ရင်
မြင့်မြတ်သောဟန်အင်ပါယာ ရဲ့
ပညာရှင်တွေကို ငါ ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး။”

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ က ပြုံးကာ ထပ်မံ၍
ပြောလိုက်၏။ “ငါ့ကို ကျေးဇူးတင်စရာ
မလိုဘူး၊ လုံးဝ မလိုပါဘူး။ ဒါက
တကယ်ငါလုပ်သင့်တဲ့အရာပဲ…”

အကြီးအကဲ များစွာ ၏အကြည့်များက ယန်ယဲ့
အပေါ်သို့ ကျရောက်လာသည်။

၎င်းတို့ရှေ့မှ လူသား

မြင့်မြတ်သောဟန်အင်ပါယာ

၏ပညာရှင်များနှင့်

ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်

၏ခေါင်းဆောင်ကို သတ်ဖြတ်ပြီး

ကူညီခဲ့သူဖြစ်သည်။

၎င်းသာမကူညီပါက သစ်သားစိမ်းကလန်

တစ်ခုလုံး သေချာပေါက်

ပျက်သုဉ်းသွားရပေမည်။

ရှုရှင်း ၏အကြည့်က ယန်ယဲ့ အပေါ်သို့

ကျဆင်းသွားသည်။

သူမ၏ အကြည့်ထဲတွင် ယန်ယဲ့ ကို
စူးစမ်းလိုစိတ်များဖြင့် ပြည့်နှက်နေ၏။

အကြောင်းမှာ ဤလူသားက အသက် ၂၀
အရွယ်မှာပင် ဤကဲ့သို့ ကြောက်စရာအတိ
ခွန်အားကို ပိုင်ဆိုင်ထားသည်မဟုတ်ပါလား။
ထို့အပြင် ၎င်းက ဤထောင်စုနှစ်
၏စားအင်ပါယာ ပင်ဖြစ်နေသေးသည်လော?

လူသားကမ္ဘာတွင် ဤကဲ့သို့
ထိပ်ဆုံးရောက်ပါရမီရှင်က
နတ်ဆိုးမျိုးနွယ်အတွက် ကောင်းချီးပေးခြင်း

(သို့) ကပ်ဘေး ဖြစ်စေနိုင်ခြင်း ရှိ၊မရှိ
တွေးနေရင်းဖြင့် အံ့သြတုန်လှုပ်သွားခဲ့သည်။

ရှူရှင်း က ယင်ရွှမ်အာ မကြည့်ခင် တစ်ခဏတာ
ငြိမ်သက်သွားပြီး ထို့နောက် သူမဘေးတွင်
ရပ်နေသော ရှူဂျင်း အား
ခေါင်းညိတ်လိုက်သည်။

ထို့နောက်တွင် ရှူဂျင်း က ခေါင်းညိတ်ပြ၍
အနည်းငယ်တုံ့ဆိုင်းကာ ချက်ချင်း
လှည့်ထွက်သွား၏။

အချိန်အနည်းငယ်ကြာတွင် ရှုဂျင်းက လက်ထဲ၌
အစိမ်းရောင်ပုလင်းလေးနှင့်အတူ
ပြန်ရောက်လာသည်။

အစိမ်းရောင်လက်လက်တောက်ပနေသည့်
ပုလင်းကို မြင်သောအခါ ခန်းမထဲမှ လူတိုင်း
၏အမူအရာများ ပြောင်းလဲသွားကြသည်။

အချို့က တစ်ခုခုပြောရင်ပြင်လိုသော်လည်း
ရှုဂျင်း က ၎င်းတို့ကို
တစ်ချက်ပြင်းထန်စွာစိုက်ကြည့်ကာ
စကားမပြောရန် တားလိုက်၏။

ရှုရှင်း က အဘွားအို ရှုဂျင်း ၏လက်ထဲမှ အစိမ်းရောင်ပုလင်းကို လွှဲယူကာ ယန်ယဲ့ ဆီသို့ လျှောက်လာသည်။

သူမက ယန်ယဲ့ရှေ့တွင် ရပ်ကာ "သခင်လေး ယန်! ငါ့မှာ နင့်ကျေးဇူးကို ဖော်ပြဖို့ စကားလုံးတွေက မလုံလောက်သလို နင့်ရဲ့ ကြင်နာမှုကို ငါပြန်မဆပ်နိုင်တော့ဘူး။

ဒီမှာ "အသက်စမ်းရေ" (၃) စက် ရှိတယ်။ ဒါက ငါတို့ သစ်ပင်မိစ္ဆာမျိုးနွယ် ရဲ့ကျေးဇူးတင်ကြောင်းပြသမှုနည်းနည်းလေးပဲ။

ဒါပေမဲ့ သခင်လေး ယန် က

ငြင်းပယ်မှာမဟုတ်ဘူးလို့မျှော်လင့်ပါတယ်။"

"အသက်စမ်းရေ။" ဘေးနားတွင် ရပ်နေသည့်

ယင်ရှမ်အာ ပင်လျှင် သိသိသာသာ

တုန်လှုပ်သွားပြီး "ရှင်းအာ! နင်က

ဘယ်လောက်တောင် ရက်ရောလိုက်သလဲ?

နင်က တကယ်ပဲ သစ်ပင်မိစ္ဆာမျိုးနွယ်

ရဲ့အဖိုးတန်သဘာဝလွန်ရတာဖြစ်တဲ့

သစ်စိမ်းဝိညာဉ် ထက်တောင်

နည်းနည်းလေးပဲနိမ့်ကျတဲ့ အသက်စမ်းရေ

ကိုပေးနေတာလား? အခု ငါတောင် နည်းနည်းလေး မနာလိုဖြစ်နေပြီ!"

"နင်လိုချင်ရင် ငါနင့်ကို တစ်စက်လောက်ပေးမယ်လေ ရှမ်အာ!"ရှူရှင်း က ပြုံးလိုက်သည်။

ယင်ရှမ်အာ က ခေါင်းခါလိုက်ပြီး "နှစ်ပေါင်း ၁,၀၀၀ တိုင်းမှာ အသက်စမ်းရေ အစက် ၁၀ ပဲစုဆောင်းနိုင်တယ်။

အဲဒါ နင့်ရဲ့သစ်ပင်မိစ္ဆာမျိုးနွယ်အတွက် အရမ်းတန်ဖိုးကြီးလွန်းတယ်။

ဒီတော့ ငါ ဘယ်လိုမျက်နှာနဲ့ နင့်ဆီက တောင်းနိုင်မှာလဲ? ဘယ်လိုပဲဖြစ်ဖြစ် ငါ့ယောက်ကျားကိုပေးတာက ငါ့ကိုပေးတာနဲ့ အတူတူပဲလေ။

ငါတို့နှစ်ယောက်ကြားမှာ ကွာဟချက်မရှိဘူး!" ယင်ရွှမ်အာ က ထိုစကားပြောရင်း အစိမ်းရောင်ပုလင်း ကို ယန်ယဲ့ကိုယ်စား လက်ခံယူလိုက်သည်။

ယန်ယဲ့ က အံ့ဩစွာ မေးလိုက်၏။
"အသက်စမ်းရေ? အဲဒါက လူတစ်ယောက်ရဲ့

ခန္ဓာကိုယ်ကြံ့ခိုင်မှုကို
မြှင့်တင်ပေးနိုင်တာလား?”

ယင်ရှမ်အာ က ယန်ယဲ့ကို မျက်စောင်းလှုလှု
ထိုးလိုက်သည်။ "လူတစ်ယောက်ရဲ့ခွန်အားကို
မမြှင့်တင်ပေးနိုင်ပေမဲ့ အဲဒါက
လူတစ်ယောက်ရဲ့ခွန်အားကို တိုးတက်စေမယ့်
ရတနာတွေထက် အများကြီး အဖိုးတန်တယ်။
အနာဂါတ်မှာ နင့်ရဲ့ဒဏ်ရာတွေ ဘယ်လောက်ပဲ
ပြင်းထန်နေပါစေ၊ ဒါမှမဟုတ်
နင့်ရဲ့ခန္ဓာကိုယ်တစ်ခုလုံးက သွေးကြောတွေ
ဖြစ်ဖြစ်၊ အရိုးတွေအကုန်

ကျိုးကြေသွားရင်တောင် အသက်စမ်းရေ
တစ်စက်လောက် အသုံးပြုလိုက်တာနဲ့ချက်ချင်း
ပြန်ကောင်းလာနိုင်တယ်။"

"ဒါက တကယ် အံ့သြစရာပဲ။" ယန်ယဲ့သည်
သူ့ရင်ထဲက စိတ်လှုပ်ရှားမှုကို
မထိန်းနိုင်တော့ပေ။

မူလက သစ်စိမ်းဝိညာဉ် ကြောင့်
အသက်စမ်းရေကို ငွေပြင်းပယ်ရန် ပြင်ထား၏။

သို့ရာတွင် ယခုအခါ အသက်စမ်းရေ ကို
မလိုချင်ဟု ငြင်းပယ်လိုက်လျှင် သူက
အရူးတစ်ယောက်ဖြစ်သွားပါလိမ့်မည်။

ထိုအချိန်တွင် ရှုရှင်း က ရုတ်တရက်
ပြောလာလေသည်။ "မှန်ပါတယ်။
သခင်လေးယန်! ငါ့မှာ တောင်းဆိုစရာရှိတယ်!"

ထိုစကားကို ကြားသောအခါ ယန်ယဲ့
၏နှလုံးသားက တုန်လှုပ်သွားပါသည်။

၅၁၂

အဆုံးမဲ့စားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၁၂ – ငါလှည့်စားနေတာမဟုတ်ဘူး

ရှုရှင်း က ယန်ယဲ့ ၏အဖြေကိုပင်မစောင့်ဘဲ " သစ်စိမ်းဝိညာဉ်က ငါတို့ သစ်ပင်မိစ္ဆာမျိုးနွယ်ရဲ့အဖိုးတန်ဆုံး သဘာဝလွှန်ရတနာတစ်ခုလေ။ အဲဒါက သစ်ပင်မိစ္ဆာမျိုးနွယ် တစ်ခုလုံးအတွက် အရမ်းအရေးကြီးတယ်။

ဒီတော့ သခင်းလေးယန် က

သစ်စိမ်းဝိညာဉ်ကိုပြန်ပေးလိမ့်မယ်လို့

မျှော်လင့်ပါတယ်။ သခင်လေးယန် က ငါ့ရဲ့

မျိုးနွယ်ကို အများကြီး အကူအညီပေးပြီးပြီ။

ဒါကြောင့် သခင်လေးယန် က

တစ်ခုခုလိုချင်တာရှိခဲ့ရင် ငါ့သစ်စိမ်းမျိုးနွယ်က

သစ်စိမ်းဝိညာဉ်ကလွဲလို့

တခြားဘယ်အရာကိုမဆို သဘောတူနိုင်တယ်။

သခင်လေးယန်! ကျေးဇူးပြုပြီး သစ်စိမ်းဝိညာဉ်

ကို ပြန်လွှဲပေးပါ!" ထိုစကားပြီးသည်နှင့် ရှူရှင်း

က ယန်ယွဲ့ ကို အပြည့်အဝ ဦးညွှတ်လိုက်သည်။

ထို့နောက် ခန်းမထဲရှိ လူတိုင်းကလည်း
၎င်းတို့အကြည့်များကို ယန်ယဲ့ ဆီသို့
ပို့လွှတ်လိုက်ကြလေသည်။

လက်ထဲတွင် အသက်စမ်းရေပုလင်း ကို
ကစားနေသည့် ယင်ရှမ်အာ ပင်လျှင် ယန်ယဲ့ကို
စိုက်ကြည့်နေလေသည်။

ယန်ယဲ့ကတော့ အဆုံးတွင်
သူမျှော်လင့်ထားသည့်အတိုင်း ဖြစ်လာသဖြင့်
အကူအညီမဲ့စွာသာ ပြုံးလိုက်ပါသည်။

သူက ရှုရှင်း ကို ကြည့်ကာ “

ရိုးရိုးသားသားပြောရရင် မိန်းမပျို ရှုရှင်း!

သစ်စိမ်းဝိညာဉ်က ငါ့အတွက် အသုံးဝင်တဲ့

အဖိုးတန်ရတနာတစ်ခုဖြစ်ပေမဲ့ ငါယန်ယဲ့

အဲဒါကို

အတင်းအကြပ်သိမ်းယူထားလောက်အောင်ထိ

တော့ အရှက်မမဲ့ဘူး။

မင်းလည်း မြင်လိုက်မှာပါ။ အဲဒါက သူ့အလိုလို

ငါ့ခန္ဓာကိုယ်ထဲကို ဝင်လာတာလေ။

ဒါ ငါပြောနေတာက မင်းကို

ပြန်လွှဲမပေးချင်လို့မဟုတ်ဘူးဆိုတာတော့

သိသင့်တယ်။

ဒါပေမဲ့ သစ်စိမ်းဝိညာဉ်က အခု
ငါ့ခန္ဓာကိုယ်ထဲကနေ သူကိုယ်တိုင် ထွက်သွားဖို့
ဆန္ဒမရှိတာဖြစ်နေတယ်။”

သစ်ပင်မိစ္ဆာမျိုးနွယ် ၏အဖွဲ့ဝင်များက
အနည်းငယ် ရန်လိုသောအမူအရာများကို
ထုတ်ဖော်လိုက်စဉ် ရှူရှင်း
၏မျက်ခုံးလှုလှုများလည်း
တွန့်ကွေးသွားလေသည်။

ဤအချိန်တွင် ၎င်းတို့ စိတ်ထဲ၌
အတွေးတစ်ခုသာရှိနေ၏။

ထိုအတွေးမှာ "ဤလူသားက သစ်စိမ်းဝိညာဉ်ကို အတင်းအကြပ် သိမ်းယူရန် ရည်ရွယ်နေခြင်းပင်။"

ယန်ယဲ့က လူတိုင်း၏မကျေနပ်အမူအရာကိုမြင်သောအခါ မတတ်သာစွာရယ်မောလိုက်သည်။ သူက ခန်းမထဲမှ လူတိုင်းကို ကြည့်ကာ "မင်းတို့အားလုံး ငါ့ကို မယုံကြဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ဒါက အမှန်တရားပဲ။"

မှန်သည်။ ဤအချိန်တွင် ယန်ယဲ့ က အတော်လေး စိတ်ဓာတ်ကျနေ၏။

မည်သူမဆို "သူခိုး" ဟု
သတ်မှတ်ခံရခြင်းကြောင့်
ပျော်ရွှင်နေပါမည်လော?

သစ်စိမ်းဝိညာဉ်က သူ့ခန္ဓာကိုယ်ထဲတွင်
ရှိနေရသည့်အကြောင်းအရင်းမှာ
ဆန်းကြယ်ရွှေချိုကန်
ကိုသဘောကျနေသောကြောင့်
သူလည်းသိထား၏။

သို့ရာတွင် ယန်ယွဲ့ အနေဖြင့်
ဆန်းကြယ်ရွှေချိုကန် နှင့်ပတ်သက်၍
ရှင်းပြရန်မဖြစ်နိုင်ပေ။

ယန်ယွဲ့ထံမှ အရှက်မရှိသလို
အဖြေကိုကြားလိုက်ရသောအခါ ခန်းမထဲရှိ
လူတိုင်း ဒေါသနှင့် ပြည့်နှက်နေခဲ့သည်။
အကယ်၍ ယန်ယွဲ့သည်သာ အစောပိုင်းတွင်
၎င်းတို့အား မကူညီခဲ့လျှင်၊ သို့တည်းမဟုတ်
ယန်ယွဲ့ ၏ခွန်အားကို
ကြောက်လန့်နေခြင်းမရှိပါက ယခုအချိန်တွင်
ဝိုင်းရံတိုက်ခိုက်နေပြီဖြစ်သည်။

ထိုအချိန်တွင် ယင်ရွှမ်အာ က ရုတ်တရက်
ဝင်ပြောလိုက်သည်။ "ရှင်းအာ! သူက
အမှန်အတိုင်းပြောနေတာ!"

ရှုရှင်း က ယင်ရှမ်အာ ၏စကားကြောင့် ပဟေဠိဆန်သောအမူအရာဖြင့် ယင်ရှမ်အာ ကို စိုက်ကြည့်နေသည်။

ယင်ရှမ်အာ က ၎င်းကို ဂရုမစိုက်အားဘဲ ယန်ယဲ့ ကို ပြန်ကြည့်ကာ "အဲဒါ အကြောင်းပြချက်ပဲလား?"

ယန်ယဲ့ က ယင်ရှမ်အာ မေးလိုက်သည့်အကြောင်းကို သတိထားမိပြီး ချက်ချင်းပင် ခေါင်းညိတ်အဖြေပေးလိုက်သည်။

ထို့နောက်တွင် ယင်ရှမ်အာ က ရှူရှင်း ဖက်ကိုပြန်လှည့်ရင်း "ရှင်းအာ! နင်က အဲဒါကို ပြန်ယူလို့မရတော့ဘူးထင်တယ်။ သူက နင်တို့မျိုးနွယ်ရဲ့သဘာဝလွှန်ရတနာကို အတင်းအကြပ်သိမ်းပိုက်ဖို့ မကြိုးစားဘူးဆိုတာ ငါအာမခံနိုင်တယ်။ အကြောင်းအရင်းကိုတော့ သူ ပြောပြမှာ မဟုတ်ဘူး။ ငါလည်း နင့်ကို မပြောနိုင်ဘူး။ မဟုတ်ရင် သူငါ့ကို သတ်မှာ သေချာတယ်။ ငါ တကယ် စိတ်မကောင်းပါဘူး။

ဒီလိုဖြစ်လာလိမ့်မယ်လို့လည်း
ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး!"

ရှုရှင်း က မချိုပြုံးပြုံးလိုက်သည်။
ယင်ရှမ်အာ သာ သူမ၏အရင်းနှီးဆုံး မိတ်ဆွေ
မဟုတ်လျှင် ယန်ယဲ့ နှင့်အတူပေါင်းကာ
သစ်စိမ်းဝိညာဉ် ကို သိမ်းယူရန်
လှည့်စားနေသည်ဟုပင် ထင်မိပါလိမ့်မည်။

အဆုံးတွင် သူမက ယင်ရှမ်အာ ကို ယုံကြည်ရန်
ရွေးချယ်လိုက်၏။

ထို့အပြင် ယန်ယဲ့ ဟုခေါ်သည့် ဤလူသားက တမင်လှည့်စားနေခြင်းမဟုတ်ကြောင်း သူမ၏ ပင်ကိုယ်အသိက ပြောနေခဲ့သည်။

မှန်ပေသည်။ အကယ်၍ ယန်ယဲ့ကသာ သစ်စိမ်းဝိညာဉ် ကို အတင်းအကြပ်သိမ်းယူလိုပါက ဤကဲ့သို့ ရှည်ရှည်ဝေးဝေး စကားပင်ပြောနေမည်မဟုတ်ပေ။

"ဒါပေမဲ့ ငါ့ သစ်စိမ်းမျိုးနွယ်
ရဲ့သဘာဝလွန်ရတနာကို တကယ်
စွန့်လွှတ်ရမှာလား?"

သူမက ၎င်းကို ချက်ချင်းပင်
အဖြေပြန်မပေးနိုင်ခဲ့ပေ။

ထိုအစား သစ်ပင်မိစ္ဆာမျိုးနွယ်
တစ်ခုလုံးကလည်း ၎င်းကို
သဘောတူလက်ခံခြင်းမရှိဟုပင် ဆိုနိုင်ပါသည်။

"နင် တစ်ခုခုပြန်လုပ်ပေးမှာ မဟုတ်ဘူးလား?"
ယင်ရှမ်အာ က ယန်ယဲ့ ကို စိုက်ကြည့်လာရင်း
"ဒါက နင့်စိတ်ထဲမှာ ရည်ရွယ်ချက်မရှိပေမယ့်

နှင့်မှာတစ်စိတ်တစ်ပိုင်း
တာဝန်ရှိသေးတယ်ဆိုတဲ့အချက်ကိုတော့
ရှောင်လို့မရဘူးမဟုတ်လား?"

ယန်ယွဲ့ က ခါးခါးသီးသီးပြုံးပြီး "မင်း မှန်တယ်၊
ငါယန်ယွဲ့ က ဒီလောက် အရှက်မဲ့စွာ ပြုမူဖို့
မကြိုးစားပါဘူး။
ဒီပုလဲက အရမ်းကောင်းပြီး ငါ့အတွက်
အရမ်းအသုံးဝင်ပေမယ့်
ရိုးရိုးသားသားပြောရရင် အဲဒါကိုရဖို့
အရှက်မဲ့စွာ ပြုမူမိလောက်အောင်
အဖိုးမတန်သေးဘူး။

ကောင်းပြီ၊ ငါတကယ်ပဲ တစ်စိတ်တစ်ပိုင်း
တာဝန်ရှိတယ်။ ဒါကို ငါတို့ဘယ်လိုလုပ်မလဲ?
မိန်းမပျို ရှင်း! တန်ကြေးသတ်မှတ်လိုက်ပါ။
ငါယန်ယဲ့က ဒီပုလဲကိုဝယ်မယ်....
အဆင်ပြေရဲ့လား?”

"ဝယ်မှာလား?" အဘွားအို ရှူဂျင်း က
ဒေါသထွက်သွား၏။ သူမက ယန်ယဲ့ ကို
စိုက်ကြည့်ရင်း “အဲဒီပုလဲက
သဘာဝလွန်ရတနာတစ်ခုပဲ။ ငွေကြေးနဲ့
သဘာဝလွန်ရတနာကို ဝယ်ချင်နေတာလား?

ဘယ်လောက်ရယ်စရာကောင်းလဲ?
သဘာဝလွန်ရတနာဆိုတာ ဘာလဲ သိလား?
အဲဒါက ဘာလဲ နင်သိလား?"

"ငါသိတယ်။" ယန်ယွဲ့ က
ခေါင်းညိတ်လိုက်သည်။
အမှန်တိုင်းဆိုလျှင် သူ့တွင် သဘာဝလွန်ရတနာ
(၃)ပါးရှိနေသဖြင့် မည်သို့မှ မထူးခြားပေ။

"နင် ... လုပ်ရဲလား? နင်လုပ်နိုင်မယ်မထင်ဘူး!"
အဘွားအို ရှုဂျင်း က
ဒေါသတကြီးပြောလိုက်သည်။

"သဘာဝလွန်ရတနာတစ်ခုစီက ကောင်းကင်နဲ့မြေကြီးရဲ့စွမ်းအင်တွေကို ပိုင်ဆိုင်ထားတယ်။ အဲဒါတွေက ဘယ်လောက် အဖိုးတန်တယ်ဆိုတာ တွေးကြည့်လို့တောင် မရဘူး။ နင်...."

အဘွားအိုရှုဂျင်း က ထိုစကားများ ဒေါသတကြီးပြောနေတုန်းပင်ရှိသေး၊ ရှုရှင်း ပင်လျှင် တိတ်ဆိတ်သွားကာ ယန်ယွဲ့ ကို အံ့အားသင့်စွာ စိုက်ကြည့်နေသည်။ အတိအကျပြောရလျှင် နှစ်ဦးလုံးက ယန်ယွဲ့ ၏လက်ဝါးပေါ် ရှိ မီးတောက်များနှင့်

ခရမ်းရောင်လျှပ်စီးကြောင်းကို
စိုက်ကြည့်နေခြင်းပင်။

အုန်း!..ရှဲရှဲ...!

ရုတ်တရက်ပင် ခန်းမတစ်ခုလုံး
အေးစိမ့်စိမ့်အငွေ့အသက်များ
ပြန့်နှံ့သွားပြီးနောက် ယန်ယဲ့
၏နောက်ကျောကနေ
နဝမငရဲအေးမီးတောက်အတောင်ပံများ
ပေါ်လာသည်။

"သဘာဝလွန်ရတနာ ၃ ပါး။"

ယန်ယဲ့ ကို စိုက်ကြည့်နေရင်း ခန်းမထဲရှိ လူတိုင်း တုန်လှုပ်သွားကြသည်။

ယန်ယဲ့ က  "ကြည့်လိုက်၊ ငါတကယ်သိတယ်။ ငါမင်းတို့ကို လှည့်စားဖို့မကြိုးစားပါဘူး၊ မင်းတို့ရဲ့ သစ်စိမ်းဝိညာဉ်က အဖိုးတန်ပေမယ့် ငါယန်ယဲ့က အဲဒါကို အရှက်မဲ့ပြီး အတင်းအကြပ်ယူဖို့အထိ တန်ဖိုးမရှိဘူးဆိုတာ အားလုံးကို ပြောပြချင်တာပါ။

ငါစကားများနေပြီဆိုတာ ငါသိတယ်၊ ဒါကြောင့် ဒီပုလဲကို မင်းတို့လက်လျှော့ဖို့ ငါဘာလုပ်ရမယ်ဆိုတာ ပြောပြပါ။ တကယ်လို့ မင်းတို့က လက်ခံဘူးဆိုရင်တော့ ရိုးရိုးသားသားပြောရရင် ထွက်ပြေးဖို့ကလွဲပြီး ရွေးချယ်စရာမရှိတော့ဘူး။”

“နင်....” အဘွားအို ရှုဂျင်း ၏ခန္ဓာကိုယ်က ဒေါသကြောင့် တုန်လှုပ်သွားသည်။

ရှုရှင်း က သူမ၏လက်ကို ဝှေ့ယမ်းပြီး “အဆင်ပြေပါတယ်။ လူငယ်သခင်လေးယန်

ရဲစွမ်းအားက တကယ်ကို ထူးခြားပါပေတယ်။
ငါ့ သစ်သားစိမ်းကလန် က
လူငယ်သခင်လေးယန် ကို
စော်ကားဖို့မတတ်နိုင်ဘူး။
ဒါကြောင့် ငါတို့ သစ်သားစိမ်းကလန် ကို
ကယ်တင်လိုက်တဲ့ကြင်နာမှုလို့မှတ်ယူပြီး
လူငယ်သခင်လေးယန် ကို
လက်ဆောင်ပေးလိုက်ပါမယ်။”

အကယ်၍ အခြားသူသာဖြစ်နေလျှင် သူမက
စကားများနေပြီး သစ်စိမ်းဝိညာဉ် ကို
ပြန်တောင်းနေမည်မဟုတ်ပေ။

သို့သော် ယန်ယဲ့ နှင့်ပတ်သက်၍ သူမက လုံးဝကို အကူအညီမဲ့နေ၏။

အစောပိုင်းက ပညာရှင်သစ်ပင်မိစ္ဆာမျိုးနွယ်၏ဘိုးဘေး ချန်းတန် အား ယန်ယဲ့ သတ်လိုက်သည့် မြင်ကွင်းကို ယခုအချိန်ထိ မမေ့နိုင်သေးပေ။

၅၅၃

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၅၃ – အစေခံ ဖြစ်ပါရစေ

ယန်ယဲ့သည် ထိုစကားကို

ကြားသောအခါအနည်းငယ်ရှက်ရွံ့သွား၏။

သူ့တွင် ရွေးချယ်စရာမရှိသဖြင့် အဆုံးတွင်

ယင်ရွှမ်အာ ကို ကြည့်နေရုံသာ

တတ်နိုင်တော့သည်။

သူမက ရှူရှင်း နှင့်

အရင်းနှီးဆုံးမိတ်ဆွေများဖြစ်ရာ

ဤအခြေအနေကို ဖြေရှင်းရန်

နည်းလမ်းရှိနိုင်ပေသည်။

ယင်ရှမ်အာ က ယန်ယဲ့ ကို မျက်စောင်းလှလှထိုးလိုက်ပြီး ယန်ယဲ့ ကို ညွှန်ပြရင်း ရှုရှင်း ကို စိုက်ကြည့်ကာ "ရှင်းအာ! နင်က သူ့ရဲ့ခွန်အားကို ဘယ်လိုထင်လဲ?"

ရှုရှင်း က အံ့အားသင့်သွားပြီးနောက် ယန်ယဲ့ ကို စိုက်ကြည့်ကာ ခဏအကြာထိ ငြိမ်သွား၏။

နောက်မှသာ သူမက ပြောလေသည်။ “သူက အရမ်းသန်မာတယ်။ နတ်ဆိုးမျိုးနွယ်တစ်ခုလုံးမှာတောင် သူ့ကို

ဆန့်ကျင်နိုင်တဲ့သူ အများအပြားမရှိမှာကို
ငါစိုးရိမ်မိတယ်။”

ယင်ရှမ်အာ က ပြုံးလိုက်ပြီး ပတ်ဝန်းကျင်မှ
သစ်ပင်မိစ္ဆာမျိုးနွယ် ဝင်များကို
စေ့စိုက်ကြည့်ရင်းဖြင့် ပြောလိုက်၏။

"တကယ်တော့ သူက ဒီထောင်စုနှစ် ရဲ့
ဓားအင်ပါယာ ပဲလေ။ သူ့ရဲ့
ပင်ကိုယ်စွမ်းရည်က လွန်ခဲ့တဲ့နှစ် (၁၀,၀၀၀)
တုန်းက ကျော်ကြားခဲ့တဲ့ ဆေဘာဓားဂိုဏ်း
ရဲ့တည်ထောင်သူဘိုးဘေး ထက်တောင်
သာလွန်နေသေးတယ်။

ဒီတော့ သူက ဆေဘာဓားဂိုဏ်း
ရဲ့တည်ထောင်သူဘိုးဘေး တုန်းကလိုမျိုး
တိုက်ကြီးတစ်ခုလုံးရဲ့
အထွတ်အမြတ်ပညာရှင်တစ်ဦးဖြစ်လာမယ်ဆို
တာ ငါအောမခံနိုင်တယ်။

လူတိုင်း! သစ်စိမ်းဝိညာဉ် က
အဖိုးထိုက်တန်ပေမဲ့ အဆုံးကျတော့
သဘာဝလွှန်ရတနာတစ်ခုသက်သက်ပဲလေ။

အနာဂတ်မှာ ထူးခြားဆန်းကြယ်တဲ့ ပညာရှင်
ဒါမှမဟုတ် သစ်စိမ်းဝိညာဉ် ကပဲ
အဖိုးတန်တယ်လို့ ထင်သလား?"

ခန်းမထဲရှိ သစ်ပင်မိစ္ဆာ တိုင်း
တိတ်ဆိတ်သွားသည်။

အကယ်၍ အစောပိုင်းက ယန်ယွဲ့သာ
ချန်းတန်ကို သတ်လိုက်သည့် မြင်ကွင်းအား
မြင်တွေ့ခဲ့ခြင်းမရှိလျှင် ၎င်းတို့ ယင်ရှမ်အား ကို
ယုံမည်မဟုတ်ပေ။

ယခုအချိန်တွင်မူ ဤလူသားက
အလွန်အစွမ်းထက်သည်ဟု ဝန်ခံလိုက်ရ၏။

ထိုထက်ပို၍ အရေးကြီးသည်မှာ ၎င်းတို့ရှေ့မှ
လူသားက အလွန်ငယ်ရွယ်နေပြီး အသက် ၂၀
အရွယ်ပင် ရှိသေးသည်။

ယင်ရှမ်အာ က ရှူရှင်း ကို စိုက်ကြည့်ရင်း
"ရှင်းအာ! သစ်ပင်မိစ္ဆာမျိုးနွယ်မှာ
သိုင်းကျောဇ် မရှိဘူးဆိုတာ နင်
သဘောပေါက်သင့်တယ်!"

ထိုစကားကို ကြားလိုက်သည့်အခါ ရှူရှင်း
၏ခန္ဓာကိုယ်လေးက
တုန်လှုပ်သွားပါတော့သည်။

သူမက ယင်ရှမ်အာ ၏ဆိုလိုရင်းကို မည်ကဲ့သို့
နားမလည်ဘဲ နေပါမည်နည်း?

အကယ်၍ မျိုးနွယ်စုတစ်ခုက သိုင်းကောရာဇ်
(သို့) အင်အားကြီးနောက်ခံ မရှိလျှင် ၎င်းက
အချိန်မရွေး ကျန်အင်အားစုများ
၏ဝါးမြိုသိမ်းပိုက်ခြင်းခံရနိုင်ပေသည်။

ရှုရှင်း က အချိန်တော်တော်ကြာသည်ထိပင်
ငြိမ်သက်သွားပါသည်။

ရုတ်တရက်ပင် ယန်ယွဲ့ ၏ခန္ဓာကိုယ်ထဲမှ
အစိမ်းရောင်အလင်းတန်းများ ဖြည်းညှင်းစွာ
ထွက်လာပြီး ရှုရှင်း ၏မျက်လုံးထဲ၌

စိတ်လှုပ်ရှားနေသည့် အမူအရာများ ထွက်ပေါ်လာလေသည်။

သစ်စိမ်းဝိညာဉ်က သူမကို ဆက်သွယ်ရန် အရိပ်အယောင်ပြနေခြင်းပင်မဟုတ်ပါလား။

အမှန်စင်စစ် သစ်စိမ်းဝိညာဉ်က သူမ၏အဘွားဖြစ်သူ အသက်ရှင်စဉ်အချိန်က အဘွားဖြစ်သူနှင့် အမြဲလိုလို စကားပြောဆိုနေသည်ကို သူမ မြင်တွေ့ခဲ့ရသည်။

ခဏအကြာတွင်တော့ ရှုရှင်း
၏မျက်လုံးထဲတွင်ထိတ်လန့်တုန်လှုပ်ဟန်များ
ထွက်ပေါ်လာတော့သည်။

ထို့နောက် သူမက တွန့်ဆုတ်မနေဘဲ ယန်ယဲ့ ကို
ကြည့်ကာ ပြောလိုက်၏။

သူမက ယန်ယဲ့ ကို ဦးညွှတ်လိုက်ရင်း
"သခင်လေးယန်! ငါ့ရဲ့သစ်ပင်မိစ္ဆာမျိုးနွယ် က
နင့်ရဲ့အစေခံအဖြစ် လုပ်ချင်တယ်။
သခင်လေးယန် က ဒါကို
မငြင်းဖို့မျှော်လင့်ပါတယ်!"

"ဟင်?" ယန်ယွဲ့ က ရှုရှင်း
၏ရုတ်တရက်စကားကြောင့် အလွန်ပင်
အံ့သြသွားသည်။

ယန်ယွဲ့ တစ်ယောက်တည်းသာမကပေ၊
ယင်ရှမ်အာ နှင့် ခန်းမထဲမှ လူတိုင်း
တစ်ယောက်မကျန် တုန်လှုပ်သွားခဲ့ကြ၏။

"ငါ့ရဲ့အစေခံ အဖြစ်လား?"
ဤတစ်ကြိမ်တွင်တော့ အကြီးအကျယ်
တုန်လှုပ်သွားရသူက ယန်ယွဲ့ ပင်။

ရှုရှင်း က ခေါင်းညိတ်ပြပြီး “သခင်လေးယန်
လည်း မြင်ပြီးပြီ။ မြင့်မြတ်သောဟန်အင်ပါယာ
က ငါ့ရဲ့သစ်ပင်မိစ္ဆာမျိုးနွယ်ကို
ပစ်မှတ်ထားနေတာလေ။

ငါ့မျိုးနွယ်စုရဲ့လက်ရှိအင်အားက
မြင့်မြတ်သောဟန်အင်ပါယာ ကို
ဆန့်ကျင်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။

ဒါ့အပြင် တိုက်ကြီးတစ်ခုလုံးက
ပရမ်းပတာဖြစ်လာနေပြီ။

ဒီတော့ လူသားမျိုးနွယ် နဲ့ နတ်ဆိုးမျိုးနွယ်
ကြားက မဟာစစ်ပွဲကြီး သေချာပေါက်
ဖြစ်လာလိမ့်မယ်။

ငါ့ရဲ့ သစ်ပင်မိစ္ဆာမျိုးနွယ် က
နတ်ဆိုးနယ်မြေထဲမှာ မဟုတ်ဘဲ
လူသားကမ္ဘာမှာ ရှိနေတာ။ ဒါကြောင့်
မြင့်မြတ်သောဟန်အင်ပါယာ တိုက်ခိုက်လာရင်
လုံးဝ ခုခံနိုင်မှာမဟုတ်ဘူး။
သခင်လေးယန် ကသာ တိုက်ကြီးတစ်ခုလုံးမှာ
လူသားဧကရာဇ် လော့ကျန်း ကိုယှဉ်နိုင်တဲ့
တစ်ဦးတည်းသော သူပဲ။"

ရှုရှင်းက စိတ်မြန်လက်မြန်နှင့်
ဆုံးဖြတ်လိုက်ခြင်းမဟုတ်ပေ။

အဓိကအားဖြင့် အကြောင်းပြချက် ၂ ခုကြောင့်ပင်ဖြစ်သည်။

ပထမအကြောင်းရင်းမှာ သစ်စိမ်းဝိညာဉ် က သူကို ယန်ယဲ့ နှင့် ကောင်းမွန်သည့် ဆက်ဆံရေးကောင်းတစ်ခုရှိထားရန် အချက်ပြခဲ့၏။

ဒုတိယအချက်မှာ ယန်ယဲ့ ၏ ခွန်အားနှင့် အနာဂတ်အလားအလာကြောင့်ဖြစ်သည်။

သူမသည်လည်း ယင်ရှမ်အာ ကဲ့သို့ ယုံကြည်နေ၏။ ယန်ယဲ့ က အနာဂတ်တွင် သေချာပေါက် ထိပ်သီးပညာရှင်တစ်ဦး

ဖြစ်လာမည်ဟု အလောင်းအစားပြုရန်
ဆုံးဖြတ်လိုက်ပါသည်။

ရှူရှင်း ၏ယတိပြတ်စကားကြောင့်
ငြင်းဆိုရန်ပြင်နေသည့် သစ်ပင်မိစ္ဆာမျိုးနွယ်
၏အကြီးအကဲများလည်း
နှုတ်ဆိတ်သွားကြသည်။

၎င်းတို့အားလုံးက
စဉ်းစားဆင်ခြင်ဉာဏ်များရှိသောကြောင့် ရှူရှင်း
၏အဆိုပြုချက်ကို ကောင်းစွာနားလည်ခဲ့သည်။

သစ်ပင်မိစ္ဆာမျိုးနွယ် က အင်အားကြီးကျောထောက်နောက်ခံကို အမှန်တကယ် လိုအပ်နေ၏။ သို့သော် ၎င်းတို့က ယန်ယဲ့ ၏နောက်ကွယ်တွင် မည်ကဲ့သို့ အင်အားစုများ ရှိနေကြောင်း သိလိုနေကြသေးသည်။

"မိန်းမပျို ရှုရှင်း! မင်းရဲ့ဆုံးဖြတ်ချက်က သေချာရဲ့လား?" ယန်ယဲ့ က သူ့ရှေ့ရှိ မိန်းမလှလေးကို စိုက်ကြည့်ကာ ထပ်မေးလိုက်၏။

ရှုရှင်းက ခေါင်းညိတ်ပြီး
"ဒီလောက်အရေးကြီးတဲ့ကိစ္စကို ငါဘယ်လို
ဟာသလုပ်ရမှာလဲ?"

"မင်းနောင်တရမှာမဟုတ်ဘူး?"

"ငါလည်း ယုံကြည်ပါတယ်!"

အဆုံးတွင် ယန်ယွဲ့ က ခေါင်းညိတ်လိုက်၏။
"အဲလိုဆိုမှတော့ ချက်ချင်း
ပြင်ဆင်သင့်တာတွေ ပြင်ဆင်ပြီး

မင်းရဲ့သစ်ပင်မိတ္တာမျိုးနွယ်ကို
တောင်ပိုင်းနယ်မြေ ရွှေ့လိုက်။"

သစ်ပင်မိတ္တာမျိုးနွယ်တွင် သိုင်းကေရာဇ်
များမရှိသည့်တိုင် ၎င်းတို့၏အလုံးစုံအင်အားကို
လျှော့တွက်၍မရပေ။

ထို့ကြောင့် ယန်ယဲ့ က
အင်အားစုဆောင်းရန်အတွက်ပြင်းဆန်နေခြင်း
မရှိပါ။

မည်သို့ပင်ဆိုစေကာမူ
မြင့်မြတ်သောဟန်အင်ပါယာ ကဲ့သို့
ရှေးဟောင်းအင်ပါယာကြီး

တစ်ခုနှင့်ရင်ဆိုင်နေရသည်ဖြစ်ရာ သူ့တွင် အင်အားပို များများလေ ကောင်းလေလေပင် မဟုတ်ပါလား?

###ASD.Book-29